# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၀၂)၊ ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်၊ ၁၂-၃-၂၀၂၆၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

သာယာသောစကားကို ပြောဆိုတတ်သော်လည်း ရုပ်အဆင်းပင်လှသော်လည်း သူတစ်ပါး စည်းစိမ်ကို ငြူစူတတ်၊ ဝန်တိုတတ်၊ ကောက်ကျစ်စဉ်းလဲတတ်လျှင် ထိုသူသည် သူတော်ကောင်းမဟုတ်။ (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး (၁၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၁

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး၏ (၁၆) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက လက်ရှိကော်မရှင်အနေဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ယခင်ရွေးကောက်ပွဲများနှင့်မတူညီသည့် ရွေးကောက်ပွဲစနစ်၊ မဲပေးသည့်ပုံစံ၊ ရွေးကောက်ပွဲကျင်းပသည့်ပုံစံတို့ဖြင့် အခက်အခဲ အနှောင့်အယှက်များကြားမှ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ လာမည့်ရွေးကောက်ပွဲများ ကျင်းပဆောင်ရွက်ကြရာတွင်လည်း ယခုကဲ့သို့ စည်းစည်းလုံးလုံး အောင်အောင်မြင်မြင်ဖြင့် လွတ်လပ်ပြီးတရားမျှတသောရွေးကောက်ပွဲ၊ ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲများအဖြစ် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ရွေးကောက်ပွဲကြီးအောင်မြင်အောင် ကျင်းပပြုလုပ်နိုင်ခဲ့သည့်အတွက် နိုင်ငံသားတာဝန်ကျေပွန်စွာဖြင့် အားတက်သရော လာရောက်ဆန္ဒမဲပေးခဲ့ကြသည့် ပြည်တွင်း၊ ပြည်ပမှ မဲဆန္ဒရှင်ပြည်သူများ၊ စေတနာစွမ်းအား၊ ဉာဏ်ပညာစွမ်းအား၊ ဝီရိယစွမ်းအားများဖြင့် နိုင်ငံတော်တာဝန်တစ်ရပ်အဖြစ် အားသွန်ခွန်စိုက် တာဝန်ကျေပွန်စွာ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသည့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်များနှင့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်ရှိကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်က ဖွင့်လှစ်သည့်သင်တန်းများတွင် သင်တန်းသား စံပြဆုရရှိသူ အရာထမ်းနှစ်ဦး၊ အခြားထူးချွန်ဆုရရှိသူ အရာထမ်းနှစ်ဦး စုစုပေါင်းလေးဦး၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအစီအစဉ်တွင် တွဲဖက်တာဝန် ထမ်းဆောင်ခဲ့သူ ဒုတိယညွှန်ကြားရေးမှူးတစ်ဦးနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ဝန်ထမ်းမိသားစုဝင် တစ်ဦးတို့အား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုများချီးမြှင့်ပြီး ငွေကျပ် ၂၈၅ သိန်းကျော်တန်ဖိုးရှိ ဆုမဲများနှင့် ဆုငွေများကို ကံစမ်းမဲဖောက်ပေးကြသည်။

ညနေပိုင်းတွင် ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ကော်မရှင်ရုံးဝန်ထမ်းများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပြီး ကော်မရှင်ရုံးဝန်ထမ်းများက တေးသီချင်းများ၊ အကအလှများဖြင့် ပျော်ရွှင်စွာ သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး မစ္စစ် ပွန်နမ်ပီရူမား အာရာချ်ချိဂီ ပရာဘာရှီနီ ပွန်နမ်ပီရူမားအား လက်ခံတွေ့ဆုံ



နေပြည်တော် မတ် ၁၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး မစ္စစ် ပွန်နမ်ပီရူမား အာရာချ်ချိဂီ ပရာဘာရှီနီ ပွန်နမ်ပီရူမားအား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးပိုမိုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား ဘုံအကျိုးစီးပွားဖြစ်ထွန်းစေမည့်နယ်ပယ်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

သတင်းစဉ်

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် မတ် ၁၁

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ မတ် ၁၂ ရက်၊ ကြာသပတေးနေ့။

မန္တလေးနေ့စဉ်

# မြန်မာစာပေကို အမွေအနှစ်ဟုခံယူကာ ဆက်လက်တိုးတက်ပွံ့ဖြိုးလာအောင် စွမ်းဆောင်ကြရမည်

လူမျိုးတစ်မျိုးအဖြစ် သတ်မှတ်ရာတွင် ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ စာပေ၊ ဂီတအနုပညာ၊ ဝတ်စားဆင်ယင်မှုတို့ကိုကြည့်၍ သတ်မှတ်ရခြင်းဖြစ်သည်။ ထိုအရာများ ပျောက်ကွယ်သွားပါက လူမျိုးလည်း ပျောက်ကွယ်လာနိုင်ပါသည်။ လူမျိုးတစ်မျိုးဖြစ်ပါလျက် ပြောစရာကိုယ်ပိုင်ဘာသာစကားမရှိ၊ ရေးစရာစာပေမရှိလျှင် ထိုလူမျိုးသည် အဘယ်မျှပင်အနှစ်သာရမရှိနိုင်ပါ။ မြန်မာဟူ၍ ပုဂံကျောက်စာများတွင် ကမ္ပည်းထိုးခဲ့သည့်အချိန်မှစ၍ မြန်မာစာပေ ထွန်းကားလာအောင် မိမိတို့၏ ဘေး၊ ဘိုး၊ ဘီ၊ ဘင်များဖြစ်ခဲ့ကြသော ပုဂံမှာမွေး၊ ပုဂံသွေးဟု ခံယူသူများသည် မြန်မာစာပေအရေးအသားတို့ တီထွင်ခဲ့ကြသည်။ မြန်မာစာပေ မထွန်းကားမီက ပါဠိဘာသာ၊ သက္ကတဘာသာ၊ မွန်ဘာသာ၊ ပျူဘာသာတို့ဖြင့်ရေးခဲ့ကြရသည်။ သက္ကရာဇ် ၄၅၇ ခုနှစ်တွင် ရေးထိုးခဲ့သည့် ရာဇကုမာရ်ကျောက်စာမှစ၍ မြန်မာစာပေ အရေးအသားပေါ်ထွန်းလာခဲ့သည်။ မြန်မာစာပေတီထွင်ရာ၌ မူလရှိပြီးသားပါဠိ၊ သက္ကတ၊ မွန်ဘာသာတို့ကိုမှီ၍ မြန်မာစာပေအသွင်သို့ ပြောင်းယူကြရသည်။ အချို့စကားလုံးများကိုမူ မူလပကတိ ဘာသာအတိုင်းသုံးကြရသည်။ မေတ္တာ၊ ကရုဏာ၊ သင်္ခါရစသည့် ပါဠိစကားလုံးများသည် ယနေ့တိုင်အောင်မြန်မာစာပေထဲ၌ ပါဠိအတိုင်းပါဝင်နေပါသည်။ မြန်မာစာပေထွန်းကားလာသောအခါ ပါဠိဘာသာနှင့်ရှိသော ဗုဒ္ဓ၏တရားတော်များကို မြန်မာဘာသာသို့ တိုက်ရိုက်ပြန်ဆိုခဲ့ကြသည်။ ပုဂံခေတ်နှောင်းပိုင်းတွင် ပါဠိစကားသုံးများကို တတ်နိုင်သမျှ မြန်မာဆန်အောင်ဘာသာပြန်ဆိုသုံးနှုန်းခဲ့ကြသည်။ မြန်မာစာပေနှင့်မိမိတို့၏ အလှူများကိုကျောက်ထက်၌ အက္ခရာတင်ရေးထိုးခြင်းဖြင့် မြန်မာစာပေသည် အသုံးများလာသည်နှင့်အမျှ တိုးတက်ထွန်းကားလာခဲ့သည်။ မြန်မာစာပေကြောင့် ဗုဒ္ဓ၏တရားတော်များလာ အတွေးအမြင်များကို ပုဂံသားတို့နားလည်တတ်သိလာကြသည်။ ပုဂံခေတ်တွင် အစပျိုးထွန်းကားခဲ့သော ဗုဒ္ဓသာသနာနှင့် မြန်မာစာပေကိုတစ်သားတည်းပေါင်းစည်း မြန်မာ့ယဉ်ကျေးမှုများ ထွန်းကားပြန့်ပွားလာအောင် စွမ်းဆောင်ခဲ့ကြသည်။ ရှေးခေတ်မြန်မာစာပေပညာရှင်တို့သည်တာဝန်ကျေခဲ့ကြသည်။

မိမိတို့၏ စာပေယဉ်ကျေးမှုကို ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အကြောင်းအရာအမျိုးမျိုးဖြင့် တစ်ခေတ်ထက်တစ်ခေတ် မြန်မာစာပေများ တိုးတက်လာအောင် စွမ်းဆောင်လာခဲ့သည်။ မြန်မာစာပေကို အမွေအနှစ်အဖြစ်ခံယူကာ တိုးတက်ဖွံ့ဖြိုးလာအောင် စွမ်းဆောင်ကြရမည်ဖြစ်သည်။ ပျို့စာပေဖြင့် လောကီ၊ လောကုတ္တရာရေးရာ အဖြာဖြာကို ရေးဖွဲ့၍လည်းမြန်မာတို့၏ စိတ်ဓာတ်ကို ရင့်ကျက်မြင့်မားလာအောင် စွမ်းဆောင်လာခဲ့ကြသည်။ ဆုံးမစာများဖြင့် မြန်မာလူငယ်များအား စိတ်ကောင်းစိတ်မြတ်မွေးမြူလာအောင်လမ်းပြပေးခဲ့သည်။ ချေင်း၊ မော်ကွန်းများဖြင့် မြန်မာတို့တိုင်းချစ် ပြည်ချစ်စိတ်ကိန်းအောင်းလာရန်နှင့် ရဲစွမ်းသတ္တိရှိသူများဖြစ်လာအောင် စည်းရုံးဆွဲဆောင်လာခဲ့သည်။ လေးချိုး၊ ဒွေးချိုး၊ တြိချိုး၊ တေးထပ်ကဗျာများဖြင့်လည်း ပတ်ဝန်းကျင်သဘာဝအလှတရားများကို ခံစားတတ်စေရန်နှင့် အလွမ်းရသခံစားမှုများကို ပေးစွမ်းနိုင်အောင် ခေတ်အဆက်ဆက်ကြိုးပမ်းခဲ့ကြသည်။

ခေတ်အဆက်ဆက် မျိုးဆက်သစ်များအနေဖြင့် မြန်မာစာပေကို အမွေအနှစ်ဟုခံယူကာ ဆက်လက်တိုးတက်ဖွံ့ဖြိုးလာအောင် စွမ်းဆောင်ကြရမည်ဖြစ်သည်။ယဉ်ကျေးသောလူမျိုးအဖြစ် ရပ်တည်နိုင်စေရန် မျိုးဆက်သစ်များက ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးကျော်ကျော်လွင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန |
| (၂) | ဒေါက်တာ ဆွေဆက်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်(ခေတ္တခွဲ)<br>အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးဘက်ဆိုင်ရာနည်းပညာ<br>တက္ကသိုလ်(မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

## ချမ်းအေးသာစံမြို့နယ်အတွင်း စာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့် ဆုများ ဆက်ကပ်လှူဒါန်း



မန္တလေး၊ မတ် ၁၁

ဓမ္မာစရိယ၊ နိကာယ်နှင့် ပါဠိ ပထမပြန် စာမေးပွဲများတွင် အောင်မြင်ခဲ့သော ချမ်းအေးသာစံ မြို့နယ်အတွင်းရှိ စာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို မန္တလေးမြို့ မဟာလောကရံသီ အိမ်တော်ရာ စေတီတော်မြတ်ပရိဝဏ်အတွင်းရှိ ၁၄ ခန်း ဓမ္မာဗိမာန်တော်ကြီး၌ မတ် ၁၀ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလခံယူပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့သည်။ ထို့နောက် ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ထံမှ ဩဝါဒကထာနှင့် ရေစက်ချတရား နာယူခဲ့ကြသည်။

ဆက်လက်၍ ဓမ္မာစရိယ စာမေးပွဲအောင် ၈ ပါး၊ ပထမကြီးအောင် ၆ ပါး၊ ပထမလတ်အောင် ၆ ပါး၊ ပထမငယ်အောင် ၃၃ ပါး၊ အခြေပြုမူလတန်းအောင် ၇၆ ပါး စုစုပေါင်း စာအောင်သံဃာတော် ၁၂၉ ပါးတို့အား စာအောင်လက်မှတ်များ ဆက်ကပ်ခဲ့ပြီး အလှူရှင်များက လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၈)

၀-၀-၀-၀-၀

၀-၀-၀

## ရွေ့လျားဆေးကုသယာဉ်(Mobile Medical Unit) MMU ဖြင့် ဆေးကုသမှုဆောင်ရွက်

မန္တလေး မတ် ၁၁

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်လူမှုဖူလုံရေးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အာမခံအလုပ်သမား ၃၀၀ ဦးတို့အား ယနေ့နံနက်(၈)နာရီခွဲက ရွေ့လျားဆေးကုသယာဉ်(Mobile Medical Unit) MMUဖြင့် လုပ်ငန်းခွင်မပျက် ဆေးကုသမှုဆောင်ရွက်ပေးခဲ့သည်။

ဆေးကုသမှုပေးရာတွင် တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒေါ်ကေသီခိုင်နှင့် တာဝန်ရှိသူများ၊ တော်ဝင်နဂါးဆေးရုံမှ ဆရာဝန်(၂)ဦး၊ ဆေးအဖွဲ့ဝင်(၁၁)ဦးတို့က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်များ၊ ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ အရာထမ်း၊ အမှုထမ်းများကို ဆေးဝါးကုသပေးကြရာ စီမံရေးရာဌာန ဌာနမှူးနှင့်တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

လူမှုဖူလုံရေးအဖွဲ့သည် အကျုံးဝင်မှတ်ပုံတင်ထားသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ အာမခံအလုပ်သမားများအား မကျန်းမာမှု၊ မီးဖွားမှု၊ ဖခင်ဘဝဖြစ်မှု၊ သေဆုံးမှု၊ ဆေးကုသစရိတ်နှင့် ဆေးဖိုးခရီးစရိတ်များ၊ ယာယီမသန်စွမ်းမှု၊အမြဲတမ်းမသန်စွမ်းမှု၊ ကျန်ရစ်သူ အကျိုးခံစားခွင့် ထုတ်ပေးခြင်းတို့အပြင် သဘာဝဘေးအန္တရာယ်ကြောင့် ရေဘေး၊ ငလျင်ဘေးကြောင့် ၄၀ ရာခိုင်နှုန်း ထောက်ပံ့ပေးခြင်းနှင့် ပညာသင်စရိတ် ၁၀ ရာခိုင်နှုန်းစသည့် ငွေကြေးအကျိုးခံစားခွင့်များကို ခွင့်ပြုထုတ်ပေးလျက်ရှိကြောင်း တာဝန်ရှိသူထံမှ သိရသည်။



(အောက်ပုံ)

(မန္တလေးနေ့စဉ်-၃)

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်ခဲ့မှုနှင့်ပတ်သက်၍ သုံးသပ်ခြင်းနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများအား ရှင်းလင်းပြောကြားခြင်းအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၁

စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတက်လာစေရေး ဆောင်ရွက်နိုင်ခဲ့မှုအား သုံးသပ်ခြင်းနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ ရှင်းလင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ်(၆) ရှိ ရတနာခန်းမ၌ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် စက်ရုံ၊ ရေနံမြေ၊ လုပ်ငန်းနှင့် စခန်းများမှ အရာထမ်းအမှုထမ်းများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ငါးနှစ်တာကာလအတွင်း စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရှာဖွေတူးဖော်ရေးကဏ္ဍ၊ သဘာဝဓာတ်ငွေ့များအား ပိုက်လိုင်းများနှင့်ပို့လွှတ်ရာတွင် လေလွင့်ဆုံးရှုံးမှု လျော့နည်းမှုမရှိစေရေးအတွက် ကြပ်မတ်ထိန်းသိမ်းပြုပြင်မှုကဏ္ဍ၊ ရေနံထွက်ပစ္စည်းများ ကိုယ်တိုင်ချက်လုပ်သုံးစွဲနိုင်ရေးအတွက် စက်ရုံများ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်းကဏ္ဍ၊ ရေနံထွက်ပစ္စည်းများ တင်သွင်းရောင်းချသည့် လုပ်ငန်းစဉ်တစ်လျှောက် စစ်ဆေးကြပ်မတ်သည့်ကဏ္ဍတို့တွင် အစီအမံများ ချမှတ်၍ တွန်းအားပေးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယင်းလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် အရေးအကြီးဆုံးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်လည်း ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး လက်တွေ့နယ်ပယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

စွမ်းအင်ကဏ္ဍနှင့်စပ်လျဉ်းသည့် နယ်ပယ်အသီးသီးတွင် သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက်လည်း ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး ဆောင်ရွက်နိုင်ခဲ့သဖြင့် အထွက်တိုးလာခဲ့သည့်အပြင် ခေတ်မီနည်းပညာများ အသုံးပြုနိုင်ရေးအတွက် အခြေခံကောင်းများ ချမှတ်နိုင်ခဲ့ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်အတတ်ပညာများ ဝင်ရောက်လာစေရေးအတွက် နိုင်ငံတကာမှ မိတ်ဖက်အဖွဲ့အစည်းများ၊ စွမ်းအင်ကဏ္ဍတွင် တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံတကာမှ အကြီးအကဲများနှင့် ခင်မင်ရင်းနှီးသည့်ဆက်ဆံရေးများ တည်ဆောက်ပြီး ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးလာစေရေးအတွက် အဆုံးအဖြတ်ပေးနိုင်သည့် စာချုပ်စာတမ်းများကိုလည်း နိုင်ငံတော်နစ်နာမှုမရှိစေရေးအတွက် တာဝန်ယူချုပ်ဆိုနိုင်ခဲ့ကြောင်း၊ မြန်မာ့စွမ်းအင်သမိုင်းကြောင်းကို သိရှိစေရေးနှင့် ဌာနအနေဖြင့် တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ အစီအမံများကို ပြည်သူများ သိရှိနားလည်စေခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ရည်ရွယ်၍ စွမ်းအင်ပြတိုက်ကိုလည်းဖွင့်လှစ်နိုင်ခဲ့ကြောင်း။

စွမ်းအင်စီမံကိန်းများသည် ဆယ်စုနှစ်နှင့်ချီ၍ ဆောင်ရွက်ရသည်ဖြစ်ရာ ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကိုလည်း အချိန်ကိုက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်လည်း အစီအမံများချမှတ်ထားပြီးဖြစ်ရာ စိတ်အားထက်သန်စွာဖြင့် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ တွေ့ကြုံရင်ဆိုင်ခဲ့ရသည့် အခက်အခဲများကို သင်ခန်းစာရယူပြီး အောင်မြင်သည့် အနာဂတ်ကို ရယူဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်ရှိ Online Monitoring Center တွင် အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ကြပ်မတ်လျက်ရှိမှုအခြေအနေကိုတွေ့ရစဉ်။

❒ စာမျက်နှာ ၂၄ မှ

မော်တော်ယာဉ်များအတွက် Wheel Tax တွင်ပါရှိသော Barcode အား ဆိုင်ဝန်ထမ်းမှ Scan ဖတ်၍ စနစ်မှ အလိုအလျောက်စစ်ဆေးပြီး တစ်ရက်အတွင်း တစ်ကြိမ်မျှ စက်သုံးဆီဝယ်ယူထားခြင်းမရှိသေးပါက စက်သုံးဆီများဆက်လက်ရောင်းချပေးမည်ဖြစ်ပါသည်။ အကယ်၍ တစ်ရက်အတွင်း နောက်တစ်ကြိမ်ထပ်မံဝယ်ယူရန် မည်သည့်ဆိုင်တွင်မဆို Scan ဖတ်ပါက ၎င်းရက်အတွင်း ပထမအကြိမ်ဝယ်ယူခဲ့မှုကို ဖော်ပြပေးမည်ဖြစ်ကာ ဆီဝယ်ယူခွင့်ရရှိမည်မဟုတ်ဘဲ နောက်တစ်ရက်တွင်မှသာ ထပ်မံဝယ်ယူခွင့် ရရှိမည်ဖြစ်ပါသည်။ တစ်ရက်အတွင်း တစ်ကြိမ်ဝယ်ယူပြီးနောက် ထပ်မံတန်းစီဝယ်ယူမှုများ မရှိစေရေး စိစစ်တားမြစ်သွားမည်ဖြစ်ပါသည်။



Barcode Scan ဖတ်မည်




တစ်ရက်အတွင်း စက်သုံးဆီမဝယ်ရသေးသောယာဉ် Barcode Scan ဖတ်လျှင် တွေ့ရမည့် အခြေအနေ




၎င်းရက်တွင် ဒုတိယအကြိမ်ဝယ်ပါက Barcode Scan ဖတ်လျှင် တွေ့ရမည့် အခြေအနေ

မော်တော်ဆိုင်ကယ်များ၏ Wheel Tax တွင် Barcode မပါရှိသည့်အတွက် အရောင်းဆိုင်တွင် QR Code များ ထုတ်ယူရမည်ဖြစ်ပါသည်။ ယင်းသို့ ထုတ်ယူနိုင်ရေးအတွက် ယာဉ်ပိုင်ရှင်များအနေဖြင့် ဆိုင်ကယ်၏ Wheel Tax အား အရောင်းဆိုင်ဝန်ထမ်းသို့ပေးအပ်ပြီး ဝန်ထမ်းမှ Application တွင် ယာဉ်နံပါတ်နှင့် သက်တမ်းကုန်ဆုံးရက်များဖြည့်သွင်းကာ QR Code ထုတ်ပေးမည်ဖြစ်ပါသည်။ ယင်း QR Code ကို ပိုင်ရှင်အနေဖြင့် ဖုန်းဖြင့် ဓာတ်ပုံရိုက်ယူခြင်း သို့မဟုတ် အရောင်းဆိုင်မှ Print ထုတ်ပေးခြင်းဖြင့် ရယူသိမ်းဆည်းထားရှိရန် လိုအပ်မည်ဖြစ်ပါသည်။ စက်သုံးဆီဝယ်ယူသည့်အခါတိုင်း ၎င်း QR Code အား အရောင်းဆိုင်ဝန်ထမ်းသို့ပြသဝယ်ယူနိုင်မည်ဖြစ်ပြီး မော်တော်ယာဉ်များတွင် စိစစ်သကဲ့သို့ တစ်ရက်အတွင်း ၂ ကြိမ် (သို့မဟုတ်) ၃ ကြိမ်ဝယ်ယူမှုမရှိစေရေးစနစ်မှ အလိုအလျောက်စစ်ဆေးရောင်းချပေးသွားမည်ဖြစ်ပါသည်။




အရောင်းဆိုင်များမှ စက်သုံးဆီများစိစစ်ရောင်းချရာတွင် နိုင်ငံတော်မှ ထုတ်ပြန်ထားရှိသည့် မူဝါဒများနှင့်အညီ ယာဉ်အသုံးပြုခွင့် ခွင့်ပြုထားမှုအလိုက် စက်သုံးဆီရောင်းချနိုင်ရေးကိုလည်း တစ်ပါတည်းစစ်ဆေးမည်ဖြစ်ပါသဖြင့် မိမိယာဉ်အသုံးပြုခွင့်ရှိသည့်ရက်များအတွက်သာ စက်သုံးဆီဝယ်ယူခွင့်ရရှိမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့တို့တွင် ၁၂-၃-၂၀၂၆ ရက်နေ့မှစတင်၍ စက်သုံးဆီအရောင်းဆိုင်များ၌ Application ဖြင့် အလိုအလျောက်စစ်ဆေးသည့် နည်းလမ်းကို စမ်းသပ်အသုံးပြုသွားမည်ဖြစ်ပြီး စနစ်အား လိုအပ်သောစစ်ဆေးပြုပြင်မှုများဆောင်ရွက်ပြီးပါက ကျန်မြို့ကြီးများတွင်လည်း ဆက်လက်၍ Application ကို အသုံးပြုသွားမည်ဖြစ်ပါသည်။

ပြည်သူများ၏ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးမှုများကြောင့် စက်သုံးဆီအရောင်းဆိုင်များတွင် ယာဉ်တန်းစီမှုများ လျော့ကျသွားပြီး ပုံမှန်ဖြန့်ဖြူးရောင်းချနိုင်သည့်အခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်လည်း နေပြည်တော်ရှိ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ Online Monitoring Center တွင် စက်သုံးဆီတင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းစဉ် (Supply Chain) တစ်လျှောက်ကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ကြပ်မတ်လျက်ရှိခြင်း၊ စက်သုံးဆီရောင်းချမှုများနှင့်ပတ်သက်၍ မြို့ကြီးများရှိ စက်သုံးဆီအရောင်းဆိုင်များတွင် ရောင်းချပေးသည့် ယာဉ်အမျိုးအစားနှင့်ယာဉ်နံပါတ်၊ ဆီအမျိုးအစားနှင့်ပမာဏ၊ ရောင်းချပေးသည့် ဈေးနှုန်းစသည်တို့ကိုလည်း အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ကြပ်မတ်လျက်ရှိခြင်းတို့အပြင် ပြည်တွင်းစက်သုံးဆီဖူလုံမှုရှိစေရေးကိုလည်း အစီအမံအတိုင်း အထူးအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန

# မြန်မာ့ခရီးသွားလုပ်ငန်းသတင်းအချက်အလက် ဖြေကြားမှုစနစ်၊ ခရီးသွားလာမှုဆိုင်ရာသတင်းအချက်အလက်စနစ်၊ မြန်မာ့ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ အသိအမှတ်ပြုမှုစနစ်များလွှင့်တင်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၁

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အနေဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည့် နည်းပညာရပ်များကို အသုံးပြုပြီး ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ ပိုမိုတိုးတက် ဝင်ရောက်လာရေး၊ ဝန်ဆောင်မှုကောင်းများပေးနိုင်ရေး၊ ခရီးသွားများ သွားလာလည်ပတ်ရာတွင် အဆင်ပြေချောမွေ့စေရေး တို့အတွက် မြန်မာ့ခရီးသွားလုပ်ငန်းသတင်းအချက်အလက်ဖြေကြားမှုစနစ်၊ ခရီးသွားလာမှုဆိုင်ရာ သတင်းအချက်အလက်စနစ်၊မြန်မာ့ခရီးသွားလုပ်ငန်း ကျွမ်းကျင်မှုဆိုင်ရာ အသိအမှတ်ပြုမှုစနစ်များ လွှင့်တင်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပသည်။



အဆိုပါအခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေး ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ တာဝန်ယူဆောင်ရွက်သော နည်းပညာကုမ္ပဏီများမှ တာဝန်ရှိသူများ၊ နယ်ရုံးခွဲများမှ ရုံးခွဲတာဝန်ခံများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့လွှင့်တင်သောစနစ်များ အကောင်အထည်ဖော်ခြင်းဖြင့် နိုင်ငံတော်အစိုးရက ရေးဆွဲချမှတ်ထားသော Myanmar E-Governance Master Plan ပါ အဓိကရည်ရွယ်ချက်များဖြစ်သည့် နိုင်ငံသားများနှင့်ထိတွေ့ဆက်ဆံမှုကို မြှင့်တင်ပေးခြင်းဖြင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုများ စွမ်းဆောင်ရည် ပိုမိုတိုးတက်မြင့်မားလာစေရန်၊ ပြည်သူ့ဝန်ဆောင်မှုများကို ထိရောက်စွာပေးအပ်နိုင်ရေးအတွက် Digital Government အား ဦးတည်ဆောင်ရွက်ရန်၊ ပြည်သူ့ဝန်ဆောင်မှုများ နိုင်ငံတစ်ဝန်း လက်လှမ်းမီမှုကို မြှင့်တင်ပေးခြင်းဖြင့် လူ့အဖွဲ့အစည်း၏အရည်အသွေးနှင့် လူမှုစီးပွားဘဝကို မြှင့်တင်ပေးရန်၊ အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုအား ပိုမိုမြှင့်ဆောင်ရွက်ရန်ဆိုသည့် အချက်များကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း။

ယနေ့စနစ်များ လွှင့်တင်ခြင်းအစီအစဉ်သည် ဝန်ကြီးဌာန၏ ဒစ်ဂျစ်တယ်အသွင် ကူးပြောင်းရေးလုပ်ငန်းစဉ်များတွင် အရေးပါသည့် မှတ်တိုင်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ယခုစနစ်များကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေးနှင့် တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်စေရေးတို့အတွက် ယနေ့တက်ရောက်လာကြသူများ အားလုံးဝိုင်းဝန်းလက်တွဲပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် စနစ်များလွှင့်တင်ရခြင်း၏ ရည်ရွယ်ချက်များနှင့် စနစ်များအသုံးပြုမှုပုံစံများ ရှင်းလင်းဖော်ပြသည့် Video Clip ကို ပြသပြီး တာဝန်ရှိသူများက စနစ်များနှင့်စပ်လျဉ်းသည့်အကြောင်းအရာများ၊ ရရှိမည့်အကျိုးကျေးဇူးများကို အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသူများက လွှင့်တင်ထားရှိသောစနစ်များမှ ဝန်ဆောင်မှုပေးမည့်လုပ်ငန်းစဉ်အဆင့်ဆင့် လက်တွေ့စမ်းသပ်ပြသခြင်းကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အိန္ဒိယ-မြန်မာ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၁

အိန္ဒိယ-မြန်မာ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၁၀ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ မြို့တော်ဂေါက်ကွင်း၌ ကျင်းပရာ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ဇော်ဟိန်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) တို့မှ တပ်မတော်အရာရှိကြီးများနှင့် အိန္ဒိယတပ်မတော် ဂေါက်သီးရိုက်အသင်းခေါင်းဆောင် Gp Capt Anish Sharma ဦးဆောင်သော ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ဇော်ဟိန်းက တီခုံ (အမှတ်-၁) ၌ ပြိုင်ပွဲအထိမ်းအမှတ် Smoke Ball ရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲကို မတ် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် မြို့တော်ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်းတို့၌ ဆက်လက်ယှဉ်ပြိုင်ကစားကြပြီး ယနေ့ ညနေပိုင်းတွင် ရေပြာဂေါက်ကွင်း၌ ဆုပေးပွဲနှင့် ညစာစားပွဲ အခမ်းအနား ကျင်းပသည်။

ဆက်လက်၍ ပြိုင်ပွဲတွင် အကြီးတန်း တစ်ဦးချင်း၊ အငယ်တန်း တစ်ဦးချင်း၊ အသင်းလိုက်အကြီးတန်း၊ အငယ်တန်း ပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆု ရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်သည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ဇော်ဟိန်းနှင့် အိန္ဒိယတပ်မတော် ဂေါက်သီးရိုက်အသင်းခေါင်းဆောင် Gp Capt Anish Sharma တို့က အမှတ်တရ လက်ဆောင် ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။




အိန္ဒိယ-မြန်မာ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲသည် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန် လေးစားယုံကြည်မှုကို တိုးတက်စေမည်ဖြစ်ပြီး မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်အကြား ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တောင်သူစိုက်ပျိုးရေးနည်းပညာပေးဆွေးနွေးပွဲနှင့် သွင်းအားစုပေးအပ်ပွဲ အခမ်းအနားကျင်းပ

မြစ်သား မတ် ၁၁

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ခုနှစ် နွေသီးနှံ (ပဲတီစိမ်း၊ မြေပဲ၊ နေကြာ) မျိုးကောင်းမျိုးသန့်သုံးစွဲနိုင်ရေး၊ မြေဆီဩဇာထက်သန်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရန် ရည်ရွယ်၍ နွေသီးနှံစိုက်ပျိုးမည့် တောင်သူများအား တောင်သူစိုက်ပျိုးရေးနည်းပညာပေး ဆွေးနွေးပွဲနှင့်သွင်းအားစုပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၀ ရက် နံနက် ၁၀ နာရီက စိုက်ပျိုးရေးဦးစီးဌာန ကူမဲမြို့ ကူမဲနည်းပညာပေးစင်တာ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြစ်သားမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က အဖွင့်အမှာစကား ပြောကြားပြီး ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ငြိမ်းထွေးက (ပဲတီစိမ်း၊ မြေပဲ၊ နေကြာ) မျိုးစေ့များနှင့် နွေစပါး၊ ချည်မျှင်ရှည်ဝါ သီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး သွင်းအားစုပစ္စည်းများ ပေးအပ်ရခြင်း အကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်က (ပဲတီစိမ်း၊ မြေပဲ၊ နေကြာ) မျိုးစေ့များနှင့် နွေစပါး၊ ချည်မျှင်ရှည်ဝါသီးနှံ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုး၊ မြေ၊ ပိုး နည်းစနစ် စသည့်အချက်များကို အခြေခံကာ တောင်သူများအား ပညာပေး ဆွေးနွေးဖလှယ်စေခြင်း စသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့်တောင်သူများကို သွင်းအားစုပစ္စည်းများဖြစ်သော ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ရွက်ဖျန်းဆေး၊ ပဲတီစိမ်းမျိုးစေ့၊ မြေပဲ၊ နေကြာမျိုးစေ့များကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုး၊ မြေ၊ ပိုး တာဝန်ခံများက နွေသီးနှံများနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်းပြောကြားခဲ့မှုအပေါ် တောင်သူများက သိလိုသော အကြောင်းအရာများကို မေးမြန်းဆွေးနွေးဖလှယ်ခဲ့သည်။

အဆိုပါ တောင်သူစိုက်ပျိုးရေးနည်းပညာပေးဆွေးနွေးပွဲနှင့် သွင်းအားစုပေးအပ်ပွဲအခမ်းအနားသို့ မြစ်သားမြို့နယ် အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဦး၊ ကျောက်ဆည်ခရိုင်၊ စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ငြိမ်းထွေး၊ ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ မျိုး၊ မြေ၊ ပိုးတာဝန်ခံများ၊ မြစ်သားမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်၊ သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီဝင်များ၊ မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်နှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

၀-၀-၀-၀-၀

# “မြန်မာ့မျက်နှာစာသစ်ဖိုရမ်” ဖွင့်ပွဲအခမ်းအနားကျင်းပမှု တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၁၁

“မြန်မာ့မျက်နှာစာသစ်ဖိုရမ်” (ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေး)“FORUM ON DAWN OF THE NEW STATE” (Development & Stability) ဖွင့်ပွဲအခမ်းအနားကို မတ် ၁၃ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ နံနက် ၈ နာရီ ၁၅ မိနစ်မှစတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV- HD ၊ MRTV-News ၊ MRTV-NRC ၊ MRTV Sports ၊ MRTV-Entertainment ၊ MRTV Parliament ၊ MITV ၊ MWD HD Channel၊ MWD Variety HD Channel၊ Readers’ Channel ၊ Sky Net Up to Date ၊ Channel 9 ရုပ်သံလိုင်းတို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် ပတ္တမြား FM ၊ ချယ်ရီ FM ၊ မန္တလေး FM ၊ ပဥ္စဝတီ FM ၊ ရွှေ FM ၊ FM ပုဂံ ၊ Star FM ၊ သဇင် FM တို့မှ လည်းကောင်း၊ MOI Website၊ MRTV Website ၊ MRTV App အပါအဝင် MRTV Online Platform တို့မှလည်းကောင်း တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာ ကြိုတင်အသိပေးအပ်ပါသည်။

သတင်းစဉ်

# ၂၀၂၆ ခုနှစ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

**၂၀၂၆ ခုနှစ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ**

**(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၁၆ / ၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၁ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ် ဖော်ပြချက်**

၁။ ဤဥပဒေကို **၂၀၂၆ ခုနှစ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အောက်ပါ ကျူးလွန်မှုတစ်ရပ်ရပ်နှင့်သက်ဆိုင်သော ငွေကြေးခဝါချမှုနှင့်စပ်လျဉ်း၍ ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိစေရမည်-

(က) မည်သူမဆို နိုင်ငံတော်အတွင်း ကျူးလွန်မှု၊

(ခ) မည်သူမဆို နိုင်ငံတော်၏တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ် သို့မဟုတ် လေယာဉ်တစ်ခုခုပေါ်တွင် ကျူးလွန်မှု၊

(ဂ) မြန်မာနိုင်ငံသားကဖြစ်စေ၊ နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ပြီး နိုင်ငံခြားသားမှတ်ပုံတင် ကိုင်ဆောင်ထားသူကဖြစ်စေ၊ နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ခွင့်ရရှိထားသူကဖြစ်စေ ပြည်ပတွင် ကျူးလွန်မှု။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဗဟိုအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ကို ဆိုသည်။

(ဂ) **ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့** ဆိုသည်မှာ သတင်းပို့ချက်များအား လက်ခံခြင်း၊ စိစစ်ခြင်းနှင့် ဖြန့်ဝေခြင်းအပါအဝင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရန်ဗဟိုအဖွဲ့က ဖွဲ့စည်း တာဝန်ပေးအပ်သောအဖွဲ့ကို ဆိုသည်။

(ဃ) **ဥပဒေစိုးမိုးရေးအဖွဲ့အစည်း** (Law Enforcement Agency-LEA) ဆိုသည်မှာ ငွေကြေးခဝါချမှု နှင့် သက်ဆိုင်သောပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ စုံစမ်းထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ယင်းပြစ်မှုနှင့်သက်ဆိုင်သည့်ပစ္စည်းကို ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ထိန်းချုပ်ခြင်း၊ ချိပ်ပိတ် ခြင်း သို့မဟုတ် တရားစွဲဆိုခြင်းလုပ်ငန်းကို သက်ဆိုင်ရာ ဥပဒေအရ ဆောင်ရွက်ပိုင်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းကို ဆိုသည်။

(င) **စုံစမ်းစစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ငွေကြေးခဝါချမှုများကို စုံစမ်းစစ်ဆေးသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကိုဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထဲရေးဝန်ကြီးဌာနက ဤကိစ္စအလို့ငှာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်တာဝန် ပေးအပ်သည့် သက်ဆိုင်ရာတပ်ဖွဲ့နှင့် ဦးစီးဌာနမှ စုံစမ်းစစ်ဆေးရေးအရာရှိ သို့မဟုတ် စုံစမ်း စစ်ဆေးရေးအဖွဲ့လည်း ပါဝင်သည်။

(စ) **သတင်းပို့အဖွဲ့အစည်း** ဆိုသည်မှာ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် သတ်မှတ်ထား သည့် ငွေရေးကြေးရေးအဖွဲ့အစည်းမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းနှင့် အသက်မွေး ဝမ်းကျောင်းလုပ်ငန်း(Designated Non-Financial Businesses and Professions-DNFBPs) ကိုဆိုသည်။ ယင်းစကားရပ်တွင် ဗဟိုအဖွဲ့ကအခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတင်းပို့ရန် သတ်မှတ်တာဝန်ပေးခြင်းခံရသည့် လူပုဂ္ဂိုလ်နှင့်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း လည်းပါဝင်သည်။

(ဆ) **သတ်မှတ်ထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်း မဟုတ်သော အခြားစီးပွားရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း** (Designated Non-Financial Businesses and Professions- DNFBPs) ဆိုသည်မှာ အောက်ပါလုပ်ငန်းများကို ဆိုသည်-

(၁) ကာစီနို၊

(၂) အိမ်ခြံမြေ အကျိုးဆောင်၊

(၃) အဖိုးတန်သတ္တုနှင့် ကျောက်မျက်ရတနာ ရောင်းဝယ်ခြင်း၊

(၄) ဆက်သွယ်ဆောင်ရွက်သူ၏ ငွေကြေး သို့မဟုတ် ပစ္စည်းလွှဲပြောင်းမှု၊ လက်ခံမှု၊ အပ်နှံမှုများနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ဆောင်ချက်များကို ဆောင်ရွက်ပေးသော သို့မဟုတ် ဆောင်ရွက်ရန်ပြင်ဆင်ပေးသော ရှေ့နေ၊ နိုတြီပဗ္ဗလစ်နှင့် ဥပဒေဖြင့် အသက် မွေးဝမ်းကျောင်းပြုသူများ သို့မဟုတ် စာရင်းကိုင်များ-

(ကက) မရွှေ့မပြောင်းနိုင်သော ပစ္စည်းရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊

(ခခ) ငွေကြေးများ၊ ငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် အခြားပိုင်ဆိုင်သည့် ပစ္စည်းများကို စီမံခန့်ခွဲခြင်း၊

(ဂဂ) ဘဏ်စာရင်းများ၊ စုငွေစာရင်းများ သို့မဟုတ် ငွေချေးသက်သေခံ လက်မှတ် စာရင်းများကို စီမံခန့်ခွဲခြင်း၊

(ဃဃ) ကုမ္ပဏီအဖွဲ့အစည်းများထူထောင်မှု၊ လုပ်ငန်းလည်ပတ်မှု သို့မဟုတ် စီမံခန့်ခွဲ မှုများအတွက် အထောက်အကူပြုဆောင်ရွက်ချက်များကို စုရုံးစီစဉ်ခြင်း၊

(ငင) ကုမ္ပဏီအဖွဲ့အစည်းများ သို့မဟုတ် အစီအစဉ်များ ထူထောင်ခြင်း၊ လုပ်ငန်း လည်ပတ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ စီးပွားရေးလုပ်ငန်းများကို ဝယ်ယူခြင်းနှင့် ရောင်းချခြင်း။

(၅) အောက်ပါ ယုံမှတ်အပ်နှံမှု သို့မဟုတ် ကုမ္ပဏီလုပ်ငန်းကို ဝန်ဆောင်မှုပေးခြင်း-

(ကက) ကုမ္ပဏီအဖွဲ့အစည်းများဖွဲ့စည်းရေးဆိုင်ရာ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း၊

(ခခ) ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးအဖြစ်သော်လည်းကောင်း၊ အစုစပ်လုပ်ကိုင်သူ သို့မဟုတ် အခြားကုမ္ပဏီအဖွဲ့အစည်းတစ်ခု သို့မဟုတ် အစီအစဉ်တစ်ခုတွင် ယင်းအဆင့်နှင့် တူညီသောသူအဖြစ်သော်လည်းကောင်း ဆောင်ရွက်ခြင်း၊

(ဂဂ) ကုမ္ပဏီတစ်ခု သို့မဟုတ် အစုစပ်လုပ်ငန်းတစ်ခု သို့မဟုတ် အခြားသော ကုမ္ပဏီ အဖွဲ့အစည်း သို့မဟုတ် အစီအစဉ်တစ်ခုအတွက် မှတ်ပုံတင်ရုံး သို့မဟုတ် နေရာထိုင်ခင်း သို့မဟုတ် လုပ်ငန်းလိပ်စာ သို့မဟုတ် စာပေးစာယူ သို့မဟုတ် အုပ်ချုပ်မှုလိပ်စာတို့ကို တာဝန်ယူပေးခြင်း။

(၆) ယုံမှတ်အပ်နှံမှုလုပ်ငန်းတစ်ခုတွင် ယုံကြည်အပ်နှံခံရသူအဖြစ် ဆောင်ရွက်ခြင်း သို့မဟုတ် အသင်းအဖွဲ့တစ်ခုခု သို့မဟုတ် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုတစ်ခုခုတွင် ယင်းလုပ်ငန်းတာဝန်နှင့်တူညီစွာ ဆောင်ရွက်ခြင်း၊

(၇) သူတစ်ဦးအတွက် အမည်ခံအစုရှယ်ယာရှင်အဖြစ် ဆောင်ရွက်ခြင်း သို့မဟုတ် သူတစ်ဦး အတွက် အမည်ခံအစုရှယ်ယာရှင်အဖြစ် အခြားသူတစ်ဦးဦးက ဆောင်ရွက်ပေးစေရန် စီစဉ်ခြင်း။

(ဇ) **ကြီးကြပ်ရေးအာဏာပိုင်** ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ငွေကြေးခဝါချမှု၊ အကြမ်း ဖက်မှုကို ငွေကြေးထောက်ပံ့မှု သို့မဟုတ် လူအများအပြားသေကျေစေသည့် လက်နက်များ ပြန့်ပွားစေရန် ငွေကြေးထောက်ပံ့မှုကိုတိုက်ဖျက်ရေး တာဝန်ဝတ္တရားများအား လိုက်နာ ဆောင်ရွက်စေရေးအတွက် သတင်းပို့အဖွဲ့အစည်းများအား ကြီးကြပ်ရန်ဗဟိုအဖွဲ့က တာဝန် ပေးအပ်ခြင်းခံရသူကိုဆိုသည်။

(ဈ) **ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်း** ဆိုသည်မှာ မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့ အစည်းများဥပဒေနှင့် အခြားသက်ဆိုင်သောဥပဒေများအရ တည်ထောင်ထားသော ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများကိုဆိုသည်။ ယင်းစကားရပ်တွင် ဘဏ်နှင့် ဆက်သွယ် ဆောင်ရွက်သူ တစ်ဦးဦးအတွက်ဖြစ်စေ သို့မဟုတ် ၎င်း၏ကိုယ်စား အောက်ပါဆောင်ရွက်မှုတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ဆောင်ရွက်မှုများကိုဖြစ်စေ စီးပွားရေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်သည့် ကူးသန်းရောင်းဝယ်ရေးဘဏ် သို့မဟုတ် ဖွံ့ဖြိုးရေးဘဏ်၊ ငွေစုငွေချေးအသင်း၊ ငွေရေးကြေးရေးကုမ္ပဏီ၊ ငွေချေးသက်သေခံလက်မှတ် ရောင်းဝယ်ရေးကုမ္ပဏီ၊ နိုင်ငံခြားငွေဝယ်ယူ ရောင်းချလဲလှယ်ရေးကောင်တာ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းအဖွဲ့အစည်း၊ အာမခံ ကုမ္ပဏီနှင့် အခြားအဖွဲ့အစည်းများလည်း ပါဝင်သည်-

(၁) ပုဂ္ဂိုလ်တစ်ဦးချင်းအတွက် ဘဏ်လုပ်ငန်းဆောင်ရွက်ပေးခြင်း၊ ပြည်သူများထံမှ အပ်ငွေ များနှင့် ပြန်လည်ပေးအပ်ရမည့် ရန်ပုံငွေများ လက်ခံခြင်း၊

(၂) ပစ္စည်းသိမ်းဆည်းခြင်းအပါအဝင် ကူးသန်းရောင်းဝယ်ရေး ဆောင်ရွက်ချက်များအတွက် ငွေကြေးဖြည့်ဆည်းပေးခြင်း၊ စားသုံးသူချေးငွေ၊ အပေါင်ဖြင့်ချေးငွေများ အပါအဝင် ငွေထုတ်ချေးခြင်း၊

(၃) စားသုံးသူဆိုင်ရာ ဆောင်ရွက်ချက်များနှင့်သက်ဆိုင်သည့် အစီအစဉ်များမှတစ်ပါး ငွေချေးလုပ်ငန်းဆောင်ရွက်ခြင်း၊ ငွေရေးကြေးရေးဆိုင်ရာအခွင့်အရေးကို ငှားရမ်းခြင်း၊

(၄) ငွေကြေး သို့မဟုတ် တန်ဖိုးတစ်ရပ်ရပ်ကို လွှဲပြောင်းပေးခြင်း၊

(၅) အကြွေးဝယ်ကတ်နှင့် မြီစားကတ်များ၊ ခရီးသွားချက်လက်မှတ်၊ ငွေပေးအမိန့်များ၊ ဘဏ်ငွေလွှဲလက်မှတ်၊ အီလက်ထရောနစ်နည်းလမ်းများဖြင့် ငွေပေးချေခြင်း၊ ထုတ်ဝေ ခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(၆) ငွေရေးကြေးရေးဆိုင်ရာ အာမခံနှင့်ကတိစာချုပ်များ ထုတ်ဝေခြင်း၊

(၇) အောက်ပါငွေရေးကြေးရေး စာချုပ်စာတမ်းများ ရောင်းဝယ်ခြင်း-

(ကက) ချက်လက်မှတ်များ၊ ငွေပေးအမိန့်လက်မှတ်များ၊ အပ်ငွေလက်မှတ်များနှင့် ဆင့်ပွားစာချုပ်စာတမ်းများ၊ နိုင်ငံခြားသုံးငွေ၊ အတိုးနှုန်းနှင့် ဈေးနှုန်းညွှန်း ကိန်းစာချုပ်စာတမ်းများ၊ လွှဲပြောင်းနိုင်သော ငွေချေးသက်သေခံလက်မှတ်များ အပါအဝင် ငွေကြေးဈေးကွက် စာချုပ်စာတမ်းများအား ရောင်းဝယ်ခြင်း၊

(ခခ) ကုန်စည်များကို အနာဂတ်ကာလအတွက် မျှော်မှန်းရောင်းဝယ်ခြင်း။

(၈) ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရာတွင် ပါဝင်ခြင်းနှင့် အဆိုပါကိစ္စရပ်များတွင် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကို ပံ့ပိုးပေးခြင်း၊

(၉) ရင်းနှီးမြှုပ်နှံမှုတစ်ခုချင်းကိုဖြစ်စေ၊ ရင်းနှီးမြှုပ်နှံမှုအားလုံးကိုဖြစ်စေ စီမံခန့်ခွဲခြင်း၊

(၁၀) အာမခံသေတ္တာများ လက်ခံထိန်းသိမ်းခြင်းနှင့် အခြားပုဂ္ဂိုလ်များကိုယ်စား ငွေကြေး သို့မဟုတ် ငွေဖြစ်လွယ်သော ငွေချေးသက်သေခံလက်မှတ်များ စီမံခန့်ခွဲပေးခြင်း၊

(၁၁) အခြားပုဂ္ဂိုလ်များကိုယ်စား ငွေကြေး သို့မဟုတ် ဘဏ္ဍာရန်ပုံငွေများ စီမံခန့်ခွဲခြင်း သို့မဟုတ် စီမံအုပ်ချုပ်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊

(၁၂) ကိုယ်စားလှယ်များနှင့် တစ်ဆင့်ကြားခံဆောင်ရွက်ပေးသူများက အာမခံလုပ်ငန်း ကြားခံဝန်ဆောင်မှုပေးခြင်း အပါအဝင် အခြားရင်းနှီးမြှုပ်နှံမှုနှင့် ဆက်သွယ်နေသည့် အာမခံလုပ်ငန်း၊ အသက်နှင့် အထွေထွေအာမခံလုပ်ငန်း ဆောင်ရွက်ပေးခြင်း၊

(၁၃) ငွေကြေးနှင့်ငွေများ လဲလှယ်ဆောင်ရွက်ခြင်း။

စာမျက်နှာ ၆ သို့ ☆

☆ စာမျက်နှာ ၅ မှ

(ည) **ပြစ်မှုကျူးလွန်ရာမှရရှိသည့်အကျိုးအမြတ်** ဆိုသည်မှာ ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေရရှိသည့် ငွေကြေးနှင့် ပစ္စည်းကိုဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါငွေကြေးနှင့်ပစ္စည်းကို အခြေပြု၍ အခြားသော ပစ္စည်း သို့မဟုတ် စီးပွားရေးလုပ်ငန်းအဖြစ် အဆင့်ဆင့်လွှဲပြောင်းထားသည့် သို့မဟုတ် ပြောင်းလဲထားသည့် ငွေကြေး သို့မဟုတ် ပစ္စည်းလည်းပါဝင်သည်။

(ဋ) **သဏ္ဌာန်ဆောင်ဘဏ်** ဆိုသည်မှာ နိုင်ငံအတွင်း တရားဝင်စီးပွားရေးလုပ်ငန်းအဖွဲ့ တည်ထောင်ထားပြီး လိုင်စင်ရယူထားခြင်း သို့မဟုတ် အခြေစိုက်ထားခြင်းဖြစ်သော်လည်း ရုပ်ဒြပ်အရ တည်ရှိနေခြင်းမရှိသည့်အပြင် ထိရောက်ခိုင်မာစွာ ကြီးကြပ်မှုခံရသော ငွေရေးကြေးရေးအုပ်စု တစ်ခုနှင့် ပေါင်းစည်းထားခြင်းမရှိသည့် ဘဏ်ကိုဆိုသည်။

**ရှင်းလင်းချက်။** **ရုပ်ဒြပ်အရတည်ရှိခြင်း** ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွင်း စနစ်တကျ ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းတည်ထောင်ထားခြင်းနှင့် စီမံခန့်ခွဲခြင်းကိုဆိုသည်။

(ဌ) **ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း**(Legal Person) ဆိုသည်မှာ ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းသော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် အမြဲတမ်းဆက်သွယ်ဆောင်ရွက်သည့် လုပ်ငန်းထူထောင်ထားရှိသော အဖွဲ့အစည်း သို့မဟုတ် ငွေကြေး၊ ပစ္စည်းပိုင်ဆိုင်သော အဖွဲ့အစည်းတစ်ခုခုကိုဆိုသည်။ ယင်းစကားရပ်တွင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ၊ အများနှင့်မသက်ဆိုင်သော ကုမ္ပဏီ၊ ကော်ပိုရေးရှင်း၊ အစုစပ်လုပ်ငန်း၊ အသင်းအဖွဲ့နှင့် အခြားအလားတူအသင်းအဖွဲ့များလည်း ပါဝင်သည်။

(ဍ) **ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှု** (Legal Arrangement) ဆိုသည်မှာ တစ်ဦးတစ်ယောက်၏ ပိုင်ဆိုင်မှုအခွင့်အရေး၊ အကျိုးခံစားခွင့်နှင့်တာဝန်တို့ကို ထိုသူ၏ ယုံကြည်အပ်နှံမှုဖြင့် တာဝန်ယူဆောင်ရွက်သည့် ယုံမှတ်အပ်နှံမှုလုပ်ငန်းများ သို့မဟုတ် အခြားအလားတူ ဥပဒေရေးရာ စီမံဆောင်ရွက်မှုများကိုဆိုသည်။ ယင်းစကားရပ်တွင် ဝါကပ်ဖ်(Wakf)၊ အများအကျိုးနှင့် ဘာသာရေးအရ ယုံကြည်အပ်နှံမှုလုပ်ငန်းများ (Charitable and Religious Trusts) တို့လည်း ပါဝင်သည်။

(ဎ) **အကျိုးခံစားခွင့်ရှိသူပိုင်ရှင်**(Beneficial owner)ဆိုသည်မှာ မူရင်းပိုင်ဆိုင်သူ၊ ဆက်သွယ်ဆောင်ရွက်သူတစ်ဦးအား ထိန်းချုပ်သူ သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုတစ်ခုခုကို မိမိကိုယ်စား အခြားသူတစ်ဦးက ဆောင်ရွက်စေသူတစ်ဦးဦးကိုဆိုသည်။ ယင်းစကားရပ်တွင် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ဆောင်ရွက်မှု သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုကို ထိရောက်သောထိန်းချုပ်မှုပြုသည့်သူ သို့မဟုတ် သွယ်ဝိုက်၍ပိုင်ဆိုင်မှု ကွင်းဆက်အဆင့်ဆင့် ထိန်းချုပ်သူလည်း ပါဝင်သည်။

(ဏ) **ဆက်သွယ်ဆောင်ရွက်သူ** ဆိုသည်မှာ သတင်းပို့အဖွဲ့အစည်းနှင့် စီးပွားဆက်ဆံ ဆောင်ရွက်မှုပြုသူ သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုပြုသူကိုဆိုသည်။

(တ) **ပြည်တွင်းတွင် ဩဇာတိက္ကမရှိသူ** (Domestic Politically Exposed Person–Domestic PEP)ဆိုသည်မှာ နိုင်ငံတော်အတွင်း၌ အများပြည်သူဆိုင်ရာ လုပ်ငန်းများဖြင့် ထင်ရှားသူ သို့မဟုတ် ယင်းလုပ်ငန်းများအတွက် ယုံကြည်ခြင်းခံရသူကိုလည်းကောင်း၊ ယင်း၏ မိသားစုဝင်များ သို့မဟုတ် ယင်းနှင့်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သူကိုလည်းကောင်း ဆိုသည်။

(ထ) **ပြည်ပတွင် ဩဇာတိက္ကမရှိသူ**(Foreign Politically Exposed Person–Foreign PEP) ဆိုသည်မှာ ပြည်ပနိုင်ငံတစ်ခုခု၌ အများပြည်သူဆိုင်ရာလုပ်ငန်းများဖြင့် ထင်ရှားသူ သို့မဟုတ် ယင်းလုပ်ငန်းများအတွက် ယုံကြည်ခြင်းခံရသူကိုလည်းကောင်း၊ ယင်း၏ မိသားစုဝင်များ သို့မဟုတ် ယင်းနှင့်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သူကိုလည်းကောင်း ဆိုသည်။

(ဒ) **အပြည်ပြည်ဆိုင်ရာတွင်ဩဇာတိက္ကမရှိသူ** ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခု၏ လုပ်ငန်းများဆောင်ရွက်သည့် ဒါရိုက်တာ၊ ဒုတိယဒါရိုက်တာ၊ ဒါရိုက်တာအဖွဲ့ဝင်နှင့် အဆင့်မြင့်အဖွဲ့ဝင်ဖြစ်သူ၊ အလားတူလုပ်ငန်းများတွင် ယင်းအဆင့်နှင့် ညီမျှသောအဖွဲ့ဝင်ဖြစ်သူ သို့မဟုတ် ယင်းလုပ်ငန်းဆောင်ရွက်ရန် ယုံကြည်ခြင်းခံရသူနှင့် ယင်း၏မိသားစုဝင်များ သို့မဟုတ် ယင်းနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သူတို့ကို ဆိုသည်။

(ဓ) **ငွေကြေးခဝါချမှု** ဆိုသည်မှာ အောက်ပါပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ရပ်ရပ်ကျူးလွန်ခြင်းကို ဆိုသည်–

(၁) ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်ဖြစ်သည်ဟု သိလျက်နှင့်ဖြစ်စေ သိရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ယင်းငွေကြေး သို့မဟုတ် ပစ္စည်း၏ဇာစ်မြစ်ကို အသွင်သဏ္ဌာန်ပြောင်းလဲရန် သို့မဟုတ် ဖုံးကွယ်ရန်သော်လည်းကောင်း၊ ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာတွင် ပါဝင်သူတစ်ဦးတစ်ယောက်အား ယင်း၏ ပြစ်မှုကျူးလွန်ခြင်းနှင့်စပ်လျဉ်း၍ ဤဥပဒေအရ အရေးယူခံရခြင်းမှ ရှောင်ရှားနိုင်ရေးအတွက် ပြစ်မှုမကျူးလွန်မီဖြစ်စေ၊ ပြစ်မှုကျူးလွန်ပြီးနောက်ဖြစ်စေ အကူအညီပေးရန်သော်လည်းကောင်း ရည်ရွယ်ချက်ဖြင့် ယင်းငွေကြေးနှင့်ပစ္စည်းကို အသွင်သဏ္ဌာန်ပြောင်းလဲခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(၂) ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်ဖြစ်ကြောင်း သိလျက်နှင့်ဖြစ်စေ သိရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ငွေကြေး၊ ပစ္စည်းများနှင့်စပ်လျဉ်း၍ မူလသဘာဝ၊ ဇာစ်မြစ်၊ တည်နေရာနှင့် ပင်ကိုစရိုက်လက္ခဏာတို့ကို ပြောင်းလဲမှုသော်လည်းကောင်း၊ ယင်းငွေကြေးနှင့်ပစ္စည်းတို့ကို ပိုင်ဆိုင်မှု သို့မဟုတ် အခွင့်အရေးတို့အား ဖုံးကွယ်ခြင်း သို့မဟုတ် အသွင်သဏ္ဌာန်ပြောင်းလဲခြင်းသော်လည်းကောင်းပြုခြင်း၊

(၃) ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်ဖြစ်ကြောင်း မိမိလက်ဝယ် လက်ခံရရှိသည့် အချိန်တွင် သိလျက်နှင့်ဖြစ်စေ သိရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ငွေကြေးနှင့်ပစ္စည်းကိုရယူခြင်း၊ လက်ဝယ်ထားခြင်း သို့မဟုတ် အသုံးပြုခြင်း၊

(၄) ပုဒ်မခွဲငယ် (၁)မှ ပုဒ်မခွဲငယ်(၃) အထိပါရှိသော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်း၊ ကျူးလွန်ရန်အားထုတ်ခြင်း သို့မဟုတ် ကျူးလွန်ရန်အကြံဖြင့် စီစဉ်ဆောင်ရွက်ခြင်းကို ပြုလုပ်မှုဖြင့်သော်လည်းကောင်း၊ ပျက်ကွက်မှုဖြင့်သော်လည်းကောင်း ပူးပေါင်းပါဝင်ခြင်း၊ အကူအညီပေးခြင်း၊ ပံ့ပိုးခြင်း၊ အထောက်အပံ့ပေးခြင်း၊ စီမံခန့်ခွဲခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ဂိုဏ်းအဖွဲ့ဝင်ဖြစ်ခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် ဆက်စပ်ပတ်သက်ခြင်းဆိုင်ရာ ပြစ်မှုတစ်ခုခု ကျူးလွန်ခြင်း။

(န) **ငွေကြေး** ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် သို့မဟုတ် ပြည်ပနိုင်ငံတစ်ခုခုက ထုတ်ဝေထားပြီး တရားဝင်လဲလှယ်အသုံးပြုနိုင်သည့် ငွေဒင်္ဂါး၊ ငွေအကြွေနှင့် ငွေစက္ကူ၊ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းဖြစ်သည့် ငွေပေးကတိစာချုပ်၊ ငွေလွှဲလက်မှတ်၊ ချက်လက်မှတ်၊ ငွေချေးစာချုပ်၊ ငွေတိုက်စာချုပ်၊ ကြွေးမြီအာမခံစာချုပ်၊ နိုင်ငံခြားသုံးငွေများ၊ ယင်းငွေများနှင့် ဆက်စပ်နေသော စာချုပ်စာတမ်းတစ်မျိုးမျိုး သို့မဟုတ် လက်မှတ်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် သို့မဟုတ် ပြည်ပနိုင်ငံတစ်ခုခုက အီလက်ထရောနစ်နည်းလမ်းဖြင့် တရားဝင်ထုတ်ဝေအသုံးပြုလျက်ရှိပြီး ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုများတွင် အသုံးပြုလျက်ရှိသည့် ဒီဂျစ်တယ် ငွေကြေးကိုဆိုသည်။

(ပ) **ပစ္စည်း** ဆိုသည်မှာ ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိတွေ့၍ ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ မည်သည့်ပုံစံဖြင့်မဆို တည်ရှိသော ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း သို့မဟုတ် မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းကိုဆိုသည်။ ယင်းစကားရပ်တွင် ပိုင်ဆိုင်ကြောင်း သက်သေထင်ရှားပြသည့် တရားဝင်စာတမ်းအမှတ်အသား သို့မဟုတ် စာချုပ်စာတမ်းများ သို့မဟုတ် ပိုင်ဆိုင်ပစ္စည်းမှ ဆင့်ပွားပေါ်ပေါက်လာသော အကျိုးအမြတ်များလည်း ပါဝင်သည်။

(ဖ) **ဗာကျူရယ်အက်ဆက်** (Virtual Asset) ဆိုသည်မှာ တန်ဖိုးကို ဒီဂျစ်တယ်ပုံစံဖြင့် ကိုယ်စားပြုထားပြီး ကူးသန်းရောင်းဝယ်ခြင်း၊ လွှဲပြောင်းခြင်း၊ ငွေပေးချေခြင်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုတို့တွင် အသုံးပြုနိုင်သည့်ပစ္စည်းကိုဆိုသည်။ အဆိုပါဗာကျူရယ်အက်ဆက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ဝေထားသည့် ငွေကြေး၊ အာမခံလက်မှတ်နှင့် အခြားငွေကြေးဆိုင်ရာပစ္စည်းများ မပါဝင်။

(ဗ) **လွှဲပြောင်းနိုင်သောစာချုပ်စာတမ်း** ဆိုသည်မှာ ခရီးသွားချက်လက်မှတ်၊ ကိုင်ဆောင်သူ လွှဲပြောင်းနိုင်သောပုံစံဖြင့် ရှိသည်ဖြစ်စေ၊ ကန့်သတ်ချက်မထားရှိဘဲ မှန်ကန်ကြောင်း ထောက်ခံချက်ပေးထားသည်ဖြစ်စေ၊ ဖန်တီးထားသော ငွေလက်ခံသူအမည် ဖြည့်စွက်၍ဖြစ်စေ၊ လွှဲပြောင်းပေးအပ်ရန်အကျုံးဝင်သည့် အခြားပုံစံဖြင့်ဖြစ်စေ ရှိသည့်ချက်လက်မှတ်၊ ငွေပေးကတိစာချုပ်၊ ငွေလွှဲစာချုပ်နှင့် ငွေပေးအမိန့်အပါအဝင် လွှဲပြောင်းနိုင်သော ငွေရေးကြေးရေးဆိုင်ရာစာချုပ်စာတမ်းများကိုဆိုသည်။ ယင်းစကားရပ်တွင် လက်မှတ်ရေးထိုးထားသော်လည်း ငွေပေးချေမှုကို လက်ခံမည့်သူ၏အမည်ကို ဖော်ပြထားခြင်းမရှိသော ချက်လက်မှတ်၊ ငွေပေးကတိစာချုပ်၊ ငွေလွှဲစာချုပ်နှင့် ငွေပေးအမိန့်အပါအဝင် ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် စာချုပ်စာတမ်းကဲ့သို့သော လွှဲပြောင်းနိုင်သည့်ပုံစံဖြင့်ရှိသည့် ငွေရေးကြေးရေးဆိုင်ရာ စာချုပ်စာတမ်းများပါဝင်သည်။

(ဘ) **အသုံးပြုပစ္စည်း** ဆိုသည်မှာ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် သို့မဟုတ် အသုံးပြုရန်ရည်ရွယ်သည့် ပစ္စည်းကိုဆိုသည်။

(မ) **ငွေစာရင်း**(Account) ဆိုသည်မှာ သတင်းပို့အဖွဲ့အစည်းတစ်ရပ်ရပ်၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို အသုံးပြုနိုင်ရန် ဆက်သွယ်ဆောင်ရွက်သူနှင့် သတင်းပို့အဖွဲ့အစည်း အကြား ထူထောင်ထားရှိသည့် စီးပွားဆက်ဆံဆောင်ရွက်မှုကိုဆိုသည်။ ယင်းစကားရပ်တွင် တတိယပုဂ္ဂိုလ် သို့မဟုတ် တတိယကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းက ၎င်းတို့ကိုယ်တိုင် သို့မဟုတ် ၎င်းတို့ကိုယ်စား စီးပွားဆက်ဆံဆောင်ရွက်မှုများအတွက် တိုက်ရိုက်ဆက်သွယ်၍ ပေးချေမှုကိုအသုံးပြုသည့် တစ်ဆင့်လက်ခံဘဏ်ငွေစာရင်းလည်း ပါဝင်သည်။

(ယ) **ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း** (Customer Due Diligence– CDD) ဆိုသည်မှာ ဤဥပဒေ အခန်း ၉ တွင် ဖော်ပြထားသည့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ရန် ဆောင်ရွက်ရမည့်အချက်ကိုဆိုသည်။

(ရ) **ထိန်းချုပ်ဖော်ထုတ်ခြင်း** (Controlled Delivery) ဆိုသည်မှာ နိုင်ငံတော်အတွင်း၌ဖြစ်စေ၊ ပြည်ပနိုင်ငံတစ်ခုခု သို့မဟုတ် တစ်ခုထက်ပိုသော နိုင်ငံအတွင်း၌ဖြစ်စေ၊ နိုင်ငံတော်နှင့် ပြည်ပနိုင်ငံတစ်ခုခုကို ဖြတ်သန်း၍ဖြစ်စေ ဝင်ရောက်ခြင်း၊ ဖြတ်သန်းခြင်း သို့မဟုတ် ထွက်ခွာခြင်းပြုစဉ် သက်သေခံပစ္စည်းများကို တင်သွင်းခြင်း၊ တင်ပို့ခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်းပြုကြောင်း စစ်ဆေးတွေ့ရှိသည့်အခါဖြစ်စေ၊ သံသယဖြစ်ဖွယ် တွေ့ရှိသည့်အခါဖြစ်စေ၊ ခိုင်လုံသောသတင်းရရှိသည့်အခါဖြစ်စေ အဓိကပြစ်မှုကျူးလွန်သူကို ဖော်ထုတ်အရေးယူရန် ဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်တွင် ထိန်းချုပ်စောင့်ကြည့် ဖော်ထုတ်သည့် နည်းလမ်းကိုဆိုသည်။

(လ) **အဖွဲ့ဝင်နိုင်ငံ** ဆိုသည်မှာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်ကအဖွဲ့ဝင်အဖြစ်လက်ခံထားသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ နောက်ဆက်တွဲပရိုတိုကောလ်များနှင့် ဒေသဆိုင်ရာကွန်ဗင်းရှင်းများ၊ ဒေသတွင်းသဘောတူစာချုပ်များ၊ နှစ်နိုင်ငံစာချုပ်များ၏ အဖွဲ့ဝင်အဖြစ် လက်ခံထားသော နိုင်ငံအသီးသီးကိုဆိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်များ**

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ငွေကြေးခဝါချမှုများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့ကို ထိရောက်စွာ အရေးယူနိုင်ရန်နှင့် ဆင့်ပွားပေါ်ပေါက်နိုင်သည့် ပြစ်မှုများကို ကာကွယ်ဟန့်တားရန်၊

(ခ) ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့မှတစ်ဆင့် နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် ဝင်ရောက်စွက်ဖက်ခြင်းမှ ကာကွယ်ရန်၊

(ဂ) နိုင်ငံတော်ကလက်ခံထားသည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများနှင့်အညီ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆောင်ရွက်ရန်၊

(ဃ) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု၊ လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုနှင့် မူလပြစ်မှုများ တိုက်ဖျက်ရေးအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(င) အမျိုးသားအဆင့်ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ခြင်းဆောင်ရွက်၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ ချမှတ်ရန်။

စာမျက်နှာ ၇ သို့ ☆

☆ စာမျက်နှာ ၆ မှ

## အခန်း(၃)
## ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ပြစ်မှုများ

၅။ အောက်ပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ်များကို ငွေကြေးခဝါချမှုပြုလုပ်ခြင်းသည် ဤဥပဒေနှင့်သက်ဆိုင်စေရမည်-

(က) နိုင်ငံဖြတ်ကျော်၍ ဂိုဏ်းအုပ်စုဖြင့်ဂိုဏ်းဖွဲ့ကျူးလွန်မှု၊ ရာဇဝတ်ဂိုဏ်းများတွင်ပါဝင်မှု၊ ဒုစရိုက်လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းမှု၊

(ခ) အကြမ်းဖက်မှုအပေါ် ငွေကြေးထောက်ပံ့မှုအပါအဝင် အကြမ်းဖက်မှု၊

(ဂ) လူကုန်ကူးမှုနှင့် လူမှောင်ခိုကူးမှု၊

(ဃ) ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်းအပါအဝင် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှု၊

(င) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်ကုန်ကူးမှု၊

(စ) လက်နက်များ တရားမဝင်ကုန်ကူးမှုများ၊

(ဆ) ခိုးရာပါပစ္စည်းနှင့် အခြားသောကုန်စည်များ တရားမဝင်ကုန်ကူးမှု၊

(ဇ) အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှု၊

(ဈ) လိမ်လည်မှု၊

(ည) ငွေကြေးအတု ပြုလုပ်မှု၊

(ဋ) ကုန်ပစ္စည်းအတုပြုလုပ်မှုနှင့် မူပိုင်ခွင့်ချိုးဖောက်မှု၊

(ဌ) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နစ်နာသည့်ပြစ်မှုများ၊

(ဍ) လူသတ်မှု၊ လူ့ခန္ဓာကိုယ်ကို အပြင်းအထန်နာကျင်စေမှု၊

(ဎ) ပြန်ပေးဆွဲမှု၊ မတရားဖမ်းဆီးချုပ်နှောင်မှုနှင့် ဓားစာခံဖမ်းဆီးမှု၊

(ဏ) ဓားပြမှု သို့မဟုတ် ခိုးမှု၊

(တ) အကောက်ခွန်၊ ယစ်မျိုးနှင့် အခွန်များဆိုင်ရာအပါအဝင် မှောင်ခိုမှုများ၊

(ထ) အခွန်ဆိုင်ရာပြစ်မှုများ (တိုက်ရိုက်ခွန်နှင့် သွယ်ဝိုက်ခွန်များအပါအဝင်)၊

(ဒ) ခြောက်လှန့်တောင်းယူမှု၊

(ဓ) လိမ်လည်အတုပြုလုပ်မှု၊

(န) ပင်လယ်ဓားပြမှု၊

(ပ) သတင်းအချက်အလက်ကို ဦးစွာသိရှိနိုင်သူက မိမိသိရှိသည့်သတင်းအချက်အလက်ကို အသုံးပြု၍ မိမိကိုယ်တိုင်ဖြစ်စေ၊ ယင်းသတင်းအချက်အလက်ကို သူတစ်ပါးအား ပေးအပ်၍ဖြစ်စေ တရားမဝင်အကျိုးအမြတ်ရရှိရေးအတွက် ဆောင်ရွက်ခြင်းနှင့် ဈေးကွက်ထိန်းချုပ်ရန် ပြုလုပ်ခြင်းဆိုင်ရာပြစ်မှုများ၊

(ဖ) ဆိုက်ဘာမှုခင်း၊

(ဗ) လောင်းကစားမှု၊

(ဘ) ထိန်းချုပ်ဓာတုပစ္စည်းများနှင့်သက်ဆိုင်သည့် ပြစ်မှုများ၊

(မ) နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အနည်းဆုံး ထောင်ဒဏ်ခြောက်လနှင့်အထက် ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုများ၊

(ယ) ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ပြစ်မှုများဖြစ်သည်ဟု ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဗဟိုအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခါအားလျော်စွာ သတ်မှတ်သည့် ပြစ်မှုများ။

## အခန်း ( ၄ )
## ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့်သင့်လျော်သော နိုင်ငံသားများက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် ဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

(ဂ) ပုဒ်မခွဲ (က)နှင့် (ခ)တို့အရ ဖွဲ့စည်းသည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ကို လိုအပ်ပါက သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ ဗဟိုအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ မူဝါဒများချမှတ်ခြင်း၊ ယင်းမူဝါဒနှင့်အညီ ပြည်တွင်းရှိ သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၊ အခြားသက်ဆိုင်သည့် အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်း၊

(ဂ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဃ) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို အကဲဖြတ်ဆောင်ရွက်ခြင်း၊

(င) ဗာကျူရယ်အက်ဆက် ဆောင်ရွက်ချက်များနှင့် ဗာကျူရယ်အက်ဆက်ဆိုင်ရာ ဝန်ဆောင်မှုပေးသူများ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းနှင့် ပရဟိတအဖွဲ့အစည်း သို့မဟုတ် အကျိုးအမြတ်မယူသောအဖွဲ့အစည်း (Non-Profit Organization- NPO) အပါအဝင် ကဏ္ဍအလိုက် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြား သေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ဆောင်ရွက်ခြင်း ဆောင်ရွက်နိုင်ရန် အစီအမံများ ချမှတ်ခြင်း၊

(စ) ပုဒ်မခွဲ (ဃ)နှင့် ပုဒ်မခွဲ (င)တို့အရ ဆောင်ရွက်သည့် အကဲဖြတ်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်း၊ ဖော်ထုတ်အကဲဖြတ်မှု၏ နောက်ဆုံးရလဒ်များကို ထိန်းသိမ်းခြင်း၊ သင့်လျော်သည့် သတင်းအချက်အလက်များကို သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၊ ကြီးကြပ်ရေးအာဏာပိုင်နှင့် သတင်းပို့ အဖွဲ့အစည်းအား ဖြန့်ဝေခြင်း၊

(ဆ) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၊ သတင်းပို့အဖွဲ့အစည်းအား အန္တရာယ်အခြေပြုချဉ်းကပ်ခြင်းနည်းလမ်းများ အသုံးပြုလျက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးစနစ်တစ်ရပ်လုံးကို ထိရောက်စွာဆောင်ရွက်ရန် လမ်းညွှန်ခြင်း၊

(ဇ) ငွေကြေးခဝါချရန်အလို့ငှာ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ သတ်မှတ်ထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်းမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ခြင်းမပြုနိုင်စေရန် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများအား လမ်းညွှန်ခြင်းနှင့် စိစစ်ခြင်း၊

(ဈ) ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်သည့် သတင်းပို့အဖွဲ့အစည်း၊ ဥပဒေရေးရာ၊ တရားစီရင်ရေးရာနှင့် တားဆီးနှိမ်နင်းရေးစသည့်ကဏ္ဍအသီးသီးမှ ပြည်သူ့ဝန်ထမ်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများအား ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊

(ည) အဖွဲ့ဝင်နိုင်ငံ၊ နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများ၊ သဘောတူစာချုပ် ချုပ်ဆိုထားသည့် နိုင်ငံများနှင့် သတင်းအချက်အလက်ဖလှယ်ရေး၊ ငွေကြေးခဝါချမှု စုံစမ်းစစ်ဆေးခြင်းတို့နှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဋ) ကြီးကြပ်ရေးအာဏာပိုင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ထုတ်ပြန်သတ်မှတ်ခြင်း၊

(ဌ) သတင်းပို့အဖွဲ့အစည်းအဖြစ် လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းအား သတ်မှတ်တာဝန်ပေးခြင်း၊

(ဍ) ဤဥပဒေ၏ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဎ) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၏ သတင်းအချက်အလက်များအရဖြစ်စေ လွတ်လပ်သောသတင်းအရင်းအမြစ်များမှဖြစ်စေ ရရှိသည့်သတင်းအချက်အလက်များကို အခြေခံ၍ ဤဥပဒေအရ စုံစမ်းစစ်ဆေးနိုင်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို တာဝန်ပေးအပ်ခြင်း။

၈။ ဗဟိုအဖွဲ့၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို အကဲဖြတ်ဆောင်ရွက်ချက်ရလဒ်များအပေါ် အခြေခံ၍ မူဝါဒနှင့် မဟာဗျူဟာများချမှတ်ခြင်း၊ ချမှတ်သည့်မူဝါဒများနှင့် မဟာဗျူဟာများအား အကောင်အထည်ဖော်ဆောင်ခြင်းနှင့် အန္တရာယ်အခြေပြုချဉ်းကပ်ဆောင်ရွက်ခြင်းပြုရာတွင် ထိရောက်မှု၊ လုံလောက်သည့်အရင်းအမြစ်များ(လူအင်အား၊ ရန်ပုံငွေ၊ လုပ်ငန်းသုံးပစ္စည်းနှင့်နည်းပညာ) ခွဲဝေချထားမှုနှင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှုရှိစေရေးအတွက် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းအား တာဝန်ခွဲဝေသတ်မှတ်ပေးခြင်းနှင့် ဆောင်ရွက်ပြီးစီးမှုများကို အချိန်ကာလသတ်မှတ်ချက်ဖြင့် ပြန်လည်တင်ပြစေခြင်း၊

(ခ) ငွေကြေးခဝါချမှု၊ ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ် သို့မဟုတ် အသုံးပြုပစ္စည်းများနှင့်စပ်လျဉ်း၍ သတင်းပေးသူ၊ သက်သေနှင့် ၎င်းတို့၏မိသားစုဝင်များအား သတ်မှတ်ချက်များနှင့်အညီ အကာအကွယ်ပေးရန် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းအား လမ်းညွှန်မှုပေးခြင်း၊

(ဂ) ငွေကြေးခဝါချမှု၊ ပြစ်မှုကျူးလွန်ရာမှရရှိသည့် အကျိုးအမြတ် သို့မဟုတ် အသုံးပြုပစ္စည်းများနှင့်စပ်လျဉ်း၍ သတင်းပေးသူအား ထိုက်သင့်သည့်ဆုငွေ ချီးမြှင့်ခြင်း၊

(ဃ) ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရန် သင့်လျော်သောကျွမ်းကျင်သူဝန်ထမ်းများပါဝင်သော ရုံးအဖွဲ့ကို ဖွဲ့စည်းခြင်း၊

(င) သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၊ ကြီးကြပ်ရေးအာဏာပိုင်၊ သတင်းပို့အဖွဲ့အစည်းနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တိုးမြှင့်စေရေးအတွက် လမ်းညွှန်မှုများပေးခြင်း၊

(စ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးစနစ် ထိရောက်စေရန် ပြည့်စုံလုံလောက်သည့် စာရင်းဇယားများထိန်းသိမ်းနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၊ ဥပဒေစိုးမိုးရေးအဖွဲ့အစည်း၊ ကြီးကြပ်ရေးအာဏာပိုင်နှင့် သတင်းပို့အဖွဲ့အစည်းအား ညွှန်ကြားခြင်း၊

(ဆ) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် ကြီးကြပ်ရေးအာဏာပိုင်မှသတင်းပို့အဖွဲ့အစည်း၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရေးအတွက် လမ်းညွှန်မှုနှင့် တုံ့ပြန်မှုပေးစေရေးအတွက် ညွှန်ကြားခြင်း။

## အခန်း ( ၅ )
## ပြည်ထဲရေးဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၉။ ပြည်ထဲရေးဝန်ကြီးဌာနသည် ငွေကြေးခဝါချမှုများကို စုံစမ်းစစ်ဆေးရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကို တာဝန်ပေးအပ်ရမည်။ ထို့အပြင် လုပ်ငန်းလိုအပ်ချက်အရ တပ်ဖွဲ့ သို့မဟုတ် ဦးစီးဌာနတစ်ခုခုကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့များကို ဖွဲ့စည်းပြီး တာဝန်ပေးအပ်နိုင်သည်။

၁၀။ ပြည်ထဲရေးဝန်ကြီးဌာနသည် ဥပဒေစိုးမိုးရေးအဖွဲ့အစည်းက ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ ငွေကြေးနှင့် ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် ရှာဖွေသိမ်းဆည်းခြင်းနှင့် ထိန်းချုပ်ခြင်း ပြုနိုင်ရန် အမိန့်ထုတ်ဆင့်ခြင်းနှင့် ရုပ်သိမ်းခြင်းများ ဆောင်ရွက်နိုင်သည်။

၁၁။ ပြည်ထဲရေးဝန်ကြီးဌာနသည် ဥပဒေစိုးမိုးရေးအဖွဲ့အစည်းနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တို့၏ ဤဥပဒေအရ အရေးယူဆောင်ရွက်ချက်များကို ဗဟိုအဖွဲ့သို့ တင်ပြရမည်။

၁၂။ (က) ပြည်ထဲရေးဝန်ကြီးဌာနသည် ဥပဒေစိုးမိုးရေးအဖွဲ့အစည်း၏တင်ပြချက်အရ အောက်ဖော်ပြပါ အမိန့်များကို တစ်ကြိမ်လျှင် သုံးလထက်မပိုသောကာလအတွက် ခွင့်ပြုနိုင်သည်-

(၁) ကွန်ပျူတာစနစ်၊ ကွန်ရက်များနှင့် ဆာဗာများအား ဝင်ရောက်ကြည့်ရှုခွင့်ပြုသည့် အမိန့်၊

စာမျက်နှာ ၈ သို့ ☆

☆ စာမျက်နှာ ၇ မှ

(၂) တယ်လီဖုန်းလိုင်းများ၊ ဖက်စ်များ သို့မဟုတ် အီလက်ထရောနစ်ထုတ်လွှင့်မှုများ သို့မဟုတ် ဆက်သွယ်ရေးအထောက်အကူပြုပစ္စည်းများအား စောင့်ကြည့်မှုအောက်တွင် ထားရှိခွင့်၊ ကန့်သတ်ခွင့်၊ ကြားဖြတ်နားထောင်ခွင့်၊ ဖမ်းယူခွင့်၊ ဖြတ်တောက်ခွင့်၊ ပြစ်မှုနှင့်သက်ဆိုင်သော သတင်းအချက်အလက်မှတ်တမ်းများကို ကြည့်ရှုစစ်ဆေးခွင့်၊ မိတ္တူကူးယူခွင့်နှင့် လိုအပ်သလိုအသုံးပြုခွင့်ပြုသည့် အမိန့်၊

(၃) လှုပ်ရှားဆောင်ရွက်မှုများနှင့် အပြုအမူများ သို့မဟုတ် စကားအပြန်အလှန်ပြောဆိုမှုများကို အသံ သို့မဟုတ် ဗီဒီယိုဖြင့် မှတ်တမ်းရယူခွင့်ပြုသည့်အမိန့်၊

(၄) အသွင်ယူစုံစမ်းစစ်ဆေးခွင့်ပြုသည့်အမိန့်၊

(၅) ထိန်းချုပ်ဖော်ထုတ်ခြင်းကို ခွင့်ပြုသည့်အမိန့်။

(ခ) ဥပဒေစိုးမိုးရေးအဖွဲ့အစည်းသည် ပုဒ်မခွဲ(က)အရ ထုတ်ပြန်သည့် အမိန့်များကို လိုက်နာဆောင်ရွက်ရာတွင် သက်ဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်ရန်နှင့် အခြေခံအခွင့်အရေးများကို လိုက်နာဆောင်ရွက်ရမည့်အပြင် စုံစမ်းစစ်ဆေးရေး၏ တရားဝင်မှုနှင့် လျှို့ဝှက်မှုကို ထိန်းသိမ်းထားနိုင်ရန် ပြဋ္ဌာန်းထားသည့်စည်းကမ်းများကိုလည်း လိုက်နာရမည်။

## အခန်း ( ၆ )

## ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၃။ ဗဟိုအဖွဲ့သည်-

(က) သံသယဖြစ်ဖွယ်သတင်းပို့ချက်များ၊ ငွေကြေးခဝါချမှု၊ ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သည့် ပြစ်မှုများ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်သက်ဆိုင်သည့် အခြားသတင်းအချက်များအား လက်ခံခြင်း၊ စိစစ်ခြင်းနှင့် ဖြန့်ဝေခြင်းအပါအဝင် ဤဥပဒေနှင့်သက်ဆိုင်သည့် ငွေကြေးဆိုင်ရာကိစ္စရပ်များကို စုံစမ်းထောက်လှမ်းသည့်လုပ်ငန်းများကို သီးခြားလွတ်လပ်၍ ကိုယ်ပိုင်အုပ်ချုပ်မှုပုံစံဖြင့် တာဝန်ယူဆောင်ရွက်ရန် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ကို ဖွဲ့စည်းပေးရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့အား တည်ဆဲအာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ်၏ ဖွဲ့စည်းပုံတွင် ထည့်သွင်းဖွဲ့စည်းထားခြင်းဖြစ်ပါက ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၏ အဓိကလုပ်ငန်းတာဝန်များသည် တည်ဆဲအာဏာပိုင်အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် ကွဲပြားစေရန် သတ်မှတ်ပေးရမည်။

၁၄။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သည်-

(က) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများကို လုပ်ငန်းသဘောအရလည်းကောင်း၊ လက်တွေ့အကောင်အထည်ဖော်ရာတွင်လည်းကောင်း ဤဥပဒေနှင့်အညီ လွတ်လပ်စွာဆောင်ရွက်ရမည်။

(ခ) သတင်းပို့ချက်များကိုလည်းကောင်း၊ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများနှင့် ဆက်နွှယ်သည့် အခြားသောသတင်းအချက်အလက်များကိုလည်းကောင်း လက်ခံခြင်း၊ တောင်းဆိုခြင်း၊ စိစစ်ခြင်းနှင့် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်သော်လည်းကောင်း၊ ဤဥပဒေနှင့်သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်နှင့်သော်လည်းကောင်း ဆက်နွှယ်သည်ဟု သံသယရှိသည့်အခါ စိစစ်တွေ့ရှိချက်ရလဒ်နှင့် အခြားသက်ဆိုင်သည့် သတင်းအချက်အလက်များကို သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် ဥပဒေစိုးမိုးရေးအဖွဲ့အစည်းထံသို့ ဆောလျင်စွာပေးအပ်ခြင်း၊ ပြည်တွင်း ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများ၏ တောင်းဆိုချက်နှင့်အညီ ပေးအပ်ခြင်းများကို ဆောင်ရွက်နိုင်သည်။

(ဂ) သတင်းပို့ချက်များအား လက်ခံခြင်း၊ တောင်းဆိုခြင်း၊ စိစစ်ခြင်းနှင့် သတင်းအချက်အလက်များအား ပေးပို့ခြင်း သို့မဟုတ် ဖြန့်ဝေခြင်းများအား ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်နိုင်ခွင့်အပါအဝင် မိမိ၏လုပ်ငန်းတာဝန်များအား လွတ်လပ်စွာဆောင်ရွက်နိုင်မည့် လုပ်ပိုင်ခွင့်နှင့် စွမ်းဆောင်ရည်ရှိရမည်။

(ဃ) သတင်းပို့အဖွဲ့အစည်းကပေးပို့သော သံသယဖြစ်ဖွယ်လွှဲပြောင်းမှု သတင်းပို့ချက်များ၊ ငွေကြေးခဝါချမှုများ၊ ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ပြစ်မှုများ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်သက်ဆိုင်သော သတင်းအချက်အလက်များနှင့် အခြားသောသတင်းအချက်အလက်များကို လက်ခံခြင်း၊ စိစစ်ခြင်းနှင့် ဖြန့်ဝေခြင်းတို့ပြုလုပ်ရမည်။

(င) လက်ခံရရှိသည့် သတင်းအချက်အလက်အမျိုးအစားနှင့် အရေအတွက်အသုံးပြုရန် မျှော်မှန်းသည့် သတင်းအချက်အလက်တို့အပေါ် အခြေပြု၍ အမှုတစ်မှုချင်းနှင့် သီးခြားပစ်မှတ်များ၊ ဆောင်ရွက်မှုများ သို့မဟုတ် လွှဲပြောင်းချက်များ သို့မဟုတ် သင့်လျော်သည့် ရွေးချယ်ထားသော သတင်းအချက်အလက်များကို အဓိကထားသည့် သမားရိုးကျခွဲခြမ်းစိတ်ဖြာခြင်းတို့ ပြုလုပ်ရမည်။

(စ) လုပ်ငန်းပိုင်ဆိုင်ရာလွတ်လပ်ခွင့်ကို ထိပါးစေမည့် နိုင်ငံရေး၊ အစိုးရ သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၏ မလျော်ဩဇာသက်ရောက်မှု သို့မဟုတ် စွက်ဖက်မှုမှကင်းလွတ်ပြီး မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် လိုအပ်သော အရင်းအမြစ်များ (လူအင်အား၊ ရန်ပုံငွေ၊ လုပ်ငန်းသုံးပစ္စည်းနှင့် နည်းပညာ)အား ရယူခွင့်နှင့် ထိရောက်စွာအသုံးပြုခွင့်များ ရှိရမည်။

(ဆ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဦးတည်ရာများနှင့် ပုံစံများကို ကိုင်တွယ်ဖြေရှင်းရန် မဟာဗျူဟာမြောက် ခွဲခြမ်းစိတ်ဖြာရမည်။

(ဇ) သက်ဆိုင်ရာ သတင်းပို့အဖွဲ့အစည်းထံမှ လိုအပ်သောသတင်းအချက်အလက်များကို တောင်းခံရယူရမည်။

(ဈ) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း၊ သတင်းပို့အဖွဲ့အစည်းအား အသိပညာပေးခြင်း၊ သင်တန်းပေးခြင်းနှင့် လိုအပ်သောအကူအညီ အထောက်အပံ့ပေးရမည်။

၁၅။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ပိုင်ခွင့်ရှိသည်-

(က) သတင်းပို့အဖွဲ့အစည်းက လိုက်နာအသုံးပြုဆောင်ရွက်ရမည့် သတင်းပို့ချက် သတ်မှတ်ပုံစံများ၊ သတင်းပို့ချက်တွင် ပါဝင်ရမည့်အချက်များ၊ သတင်းပေးပို့ပြီးနောက် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများနှင့် သတင်းပို့ခြင်းဆိုင်ရာနည်းလမ်းများကို အခါအားလျော်စွာထုတ်ပြန်ခြင်း၊

(ခ) မိမိသဘောဆန္ဒအလျောက်ဖြစ်စေ၊ တောင်းဆိုချက်အရဖြစ်စေ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် သတင်းအချက်အလက်များဖလှယ်ခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) ပုဒ်မခွဲ (ခ)အရ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် သတင်းအချက်အလက်ဖလှယ်ရာတွင် တောင်းဆိုစဉ်က အသုံးပြုမည့်ရည်ရွယ်ချက်အတိုင်း အသုံးပြုမည်ဖြစ်ကြောင်းနှင့် မိမိအဖွဲ့၏ သဘောတူညီချက်မရှိဘဲ အခြားသောရည်ရွယ်ချက်အတွက် အသုံးပြုမည်မဟုတ်ကြောင်း သက်ဆိုင်ရာအဖွဲ့အစည်းထံမှ အထောက်အထားရယူထားရှိခြင်း၊

(ဃ) ပြည်ပမိတ်ဖက်အဖွဲ့အစည်းတစ်ရပ်ရပ်နှင့် ဤဥပဒေနှင့်အညီ သဘောတူညီချက် သို့မဟုတ် စီစဉ်ဆောင်ရွက်မှုများပြုလုပ်ခြင်း၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) အခြားသောပြည်တွင်းအာဏာပိုင်များ သို့မဟုတ် ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် သတင်းအချက်အလက်ဖလှယ်ရန် လွတ်လပ်စွာစီစဉ်ဆောင်ရွက်ခြင်း သို့မဟုတ် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုသို့မဟုတ် ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သည့် ပြစ်မှုများကျူးလွန်သည်ဟု သံသယရှိပါက မိမိ၏ခွဲခြမ်းစိတ်ဖြာစိစစ်ချက်ရလဒ် သို့မဟုတ် အခြားသော သက်ဆိုင်ရာသတင်းအချက်အလက်များကို တောင်းဆိုချက်အရဖြစ်စေ၊ မိမိသဘောဆန္ဒအရဖြစ်စေ ဥပဒေစိုးမိုးရေးအဖွဲ့အစည်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့၊ ပြည်တွင်းနှင့်ပြည်ပ အစိုးရအဖွဲ့အစည်းများထံသို့ လုံခြုံစိတ်ချရပြီး ကာကွယ်မှုရှိသော သတ်မှတ်ထားသည့်လမ်းကြောင်းများကိုအသုံးပြု၍ ဖြန့်ဝေပေးပို့ခြင်း၊

(ဆ) ကိုယ်ပိုင်ဆုံးဖြတ်ချက်အရဖြစ်စေ၊ အကူအညီတောင်းခံချက်အရဖြစ်စေ အဖွဲ့၏လုပ်ငန်းတာဝန်နှင့် သက်ဆိုင်မှုရှိသည့် မည်သည့်သတင်းအချက်အလက်ကိုမဆို အခြားအဖွဲ့အစည်းများထံမှ တောင်းခံခြင်းနှင့် ဖလှယ်ခြင်း၊ မိမိနှင့်အလားတူ လုပ်ငန်းတာဝန်ထမ်းဆောင်သည့် ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) မိမိအဖွဲ့နှင့်အလားတူ လုပ်ငန်းတာဝန်များရှိပြီး လျှို့ဝှက်ချက်ထားရှိရေးဆိုင်ရာ တာဝန်ဝတ္တရားများကို လိုက်နာရသည့်ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် သတင်းအချက်အလက်ဖလှယ်ခြင်းကို ဆောင်ရွက်နိုင်ရန်အလို့ငှာ စီစဉ်ဆောင်ရွက်မှုများပြုလုပ်ခြင်း၊

(ဈ) လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ စီမံခန့်ခွဲရေးအဖွဲ့အစည်းများနှင့် ဥပဒေစိုးမိုးရေးအဖွဲ့အစည်း၏ သတင်းအချက်အလက်များကို ရယူအသုံးပြုခွင့်ရှိခြင်း၊

(ည) သတင်းပို့အဖွဲ့အစည်း၊ ဘဏ္ဍာရေး၊ စီမံခန့်ခွဲရေး သို့မဟုတ် ဥပဒေစိုးမိုးရေးအဖွဲ့အစည်း၊ အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် အခြားသောအဖွဲ့အစည်းများက သို့မဟုတ် ၎င်းတို့၏ကိုယ်စားလှယ်များက စုဆောင်းထိန်းသိမ်းထားရှိသည့် သတင်းအချက်အလက်ကိုဖြစ်စေ၊ စီးပွားဖြစ်စုဆောင်းထားရှိသည့် သတင်းအချက်အလက်ကိုဖြစ်စေ တောင်းခံရယူသုံးစွဲခွင့်ရှိခြင်း၊

(ဋ) ဤဥပဒေအရလက်ခံရရှိသည့် သတင်းအချက်အလက်များအားအသုံးပြုမှု၊ ယင်းတို့အား ခွဲခြမ်းစိတ်ဖြာစိစစ်မှု၊ ဖြန့်ဝေမှု၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများဖလှယ်မှုနှင့် ထိုကဲ့သို့သော သတင်းအချက်အလက်များကို ရယူအသုံးပြုမှုတို့အား စီမံခန့်ခွဲရန်နှင့် လုံခြုံမှုရှိစေရန် လုပ်ငန်းစနစ်နှင့် လုပ်ထုံးလုပ်နည်းများချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်း၊

(ဌ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအတွက် သတင်းဖလှယ်ခြင်း၊

(ဍ) တည်ဆဲဥပဒေတစ်ရပ်ရပ်က အပ်နှင်းသော ဆောင်ရွက်ပိုင်ခွင့်ရှိသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၁၆။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့က လက်ခံရရှိသော သံသယဖြစ်ဖွယ်လွှဲပြောင်းမှု သတင်းပို့ချက်များ၊ ငွေကြေးလွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်များနှင့် အခြားသော လွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်များဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို လျှို့ဝှက်ထားရှိရမည့်အပြင် အဆိုပါ သတင်းပို့ချက်များ ခွဲခြမ်းစိတ်ဖြာစိစစ်ချက်ကို ပြစ်မှုတစ်ရပ်ရပ်အား စုံစမ်းစစ်ဆေးခြင်းအတွက် ထောက်လှမ်းရေးသတင်းအချက်အလက်အဖြစ်သာ အသုံးပြုရမည်။

## အခန်း ( ၇ )

## ဥပဒေစိုးမိုးရေးအဖွဲ့အစည်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၇။ ဥပဒေစိုးမိုးရေးအဖွဲ့အစည်းသည်-

(က) ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ပြစ်မှုများအား စုံစမ်းစစ်ဆေးချိန်တွင် မူလမှုအတွက်ပြစ်မှုကျူးလွန်သူများ၏ ကွန်ရက်များကိုဖြစ်စေ၊ ပြစ်မှုကျူးလွန်မှု၏ အတိုင်းအဆပမာဏကိုဖြစ်စေ အတည်ပြုဖော်ထုတ်ခြင်း၊ ပြစ်မှုကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို စုံစမ်းဖော်ထုတ်ခြင်း၊ ထိန်းချုပ်ခြင်းဆောင်ရွက်ချိန်တွင် ဤဥပဒေအရလည်း ငွေကြေးဆိုင်ရာစုံစမ်းစစ်ဆေးခြင်းကို တစ်ပြိုင်တည်းဆောင်ရွက်ရမည်။

(ခ) ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်သော်လည်း သက်သေခံငွေကြေး သို့မဟုတ် ပစ္စည်းအား သိမ်းဆည်းနိုင်ခြင်းမရှိပါက သက်သေခံငွေကြေး သို့မဟုတ် ပစ္စည်းနှင့် တန်ဖိုးတူပစ္စည်းများကို စုံစမ်းဖော်ထုတ်နိုင်ရေးဆောင်ရွက်ရမည်။

၁၈။ ဥပဒေစိုးမိုးရေးအဖွဲ့အစည်းသည်-

(က) တည်ဆဲဥပဒေများအရ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများအပါအဝင် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းထံမှ သတင်းအချက်အလက်တောင်းခံခြင်းနှင့် မိတ္တူကူးယူခြင်းလုပ်ပိုင်ခွင့်များကို အပ်နှင်းထားခြင်းမရှိပါက သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ အတည်ပြုချက်ဖြင့် တောင်းခံနိုင်သည်။

(ခ) ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ ငွေကြေးနှင့်ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် ရှာဖွေခြင်း၊ သိမ်းဆည်းခြင်းနှင့် ထိန်းချုပ်ခြင်းပြုနိုင်ရန် ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၉။ ဥပဒေစိုးမိုးရေးအဖွဲ့အစည်းသည်-

(က) မိမိတို့စုံစမ်းစစ်ဆေးနေသော မှုခင်းကိစ္စရပ်များမှတစ်ဆင့် ငွေကြေးခဝါချမှု ကျူးလွန်ဖွယ်ရာရှိသည်ဟု ယုံကြည်ရန်အကြောင်းရှိပါက ဤဥပဒေအရ တရားစွဲဆိုနိုင်ရေး ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဆောင်ရွက်ချက်ကို ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဗဟိုအဖွဲ့သို့ ဆောလျင်စွာ တင်ပြရမည်။

၂၀။ ဥပဒေစိုးမိုးရေးအဖွဲ့အစည်းသည် ခက်ခဲနက်နဲရှုပ်ထွေးသော သို့မဟုတ် နိုင်ငံဖြတ်ကျော်သဘောသဘာဝရှိသော သို့မဟုတ် ပြစ်မှုကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့် ပစ္စည်းအမြောက်အမြားပါဝင်သော ငွေကြေးခဝါချမှုဖြစ်ပါက မှုခင်းဆိုင်ရာအချက်အလက်များနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာနသို့ ကြန့်ကြာခြင်းမရှိစေဘဲ အမြန်ဆုံးပေးပို့တင်ပြရမည်။

၂၁။ ပုဒ်မ ၂၀ အရ တင်ပြသည့် ငွေကြေးခဝါချမှုကို ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသော စုံစမ်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးရမည်။

(ဆက်လက်ဖော်ပြပါမည်)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုများအား လိုက်လံကြည့်ရှု





**မန္တလေး မတ် ၁၁**

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲများကို မတ် ၁၁ ရက်မှ စတင်ကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြင့် ဝင်ရောက်ဖြေဆိုလျက်ရှိပြီး ယနေ့တွင် မြန်မာစာဘာသာရပ်ကို ဖြေဆိုကြသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာန၊ ကျောင်းပြင်ပနှင့် ဘဝတစ်သက်သာပညာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်ထွန်း၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့်တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်းများရှိ စာစစ်ဌာနများသို့သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

ထိုသို့လိုက်လံကြည့်ရှုရာတွင် အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်အတွင်းရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းများသို့ရောက်ရှိစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား ပါမောက္ခချုပ်၊ တိုင်းဒေသကြီး၊ မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများက စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ထားရှိမှု၊ စာရေးကိရိယာများ အခမဲ့အသုံးပြုနိုင်ရန် စီစဉ်ထားရှိမှု ဝင်ရောက်ဖြေဆိုသူ ကျောင်းသား၊ ကျောင်းသူဦးရေ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းသား၊ ကျောင်းသူများ လုံခြုံစိတ်ချပြီး စိတ်ချမ်းမြေ့စွာဖြင့် စာမေးပွဲပြီးဆုံးသည်အထိ ဖြေဆိုသွားရေးနှင့် စာမေးပွဲဆိုင်ရာကဏ္ဍများနှင့်စပ်လျဉ်း၍ လုပ်ငန်းကိစ္စများ ဆောင်ရွက်ကြရာတွင် စနစ်တကျကြပ်မတ်ကာ အထူးဂရုပြု အလေးထားဆောင်ရွက်သွားကြရေးတို့ကိုမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ စာမေးပွဲကြီးကြပ်ရေးမှူး ဆရာ၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အုပ်ချုပ်ထောက်ပံ့ကိစ္စများ ဆောင်ရွက်ပေးနေကြသူများကို အားပေးစကားများ ပြောကြားခဲ့သည်။

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲများကို မတ်လ ၁၈ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် (၁၀)ခုရှိ



မြို့နယ်(၂၅)မြို့မှ ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် စာရင်းသွင်းဦးရေ (၄၇၅၄၉)ဦးရှိပြီး မြန်မာစာဘာသာရပ်တွင် (၄၅၆၃၅)ဦး ဖြေဆိုခဲ့ရာ ဖြေဆိုမှုရာခိုင်နှုန်း (၉၅ ဒသမ ၉၇)ရာခိုင်နှုန်း၊ ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင် စာမေးပွဲတွင် ကျောက်ဆည်၊ မိတ္ထီလာ၊ ရမည်းသင်းနှင့် ညောင်ဦး စုစုပေါင်းခရိုင်လေးခုတို့မှ စာရင်းသွင်းဦးရေ(၃၃၉)ဦးရှိပြီး မြန်မာစာဘာသာရပ်တွင် (၃၃၇)ဦးဖြေဆိုခဲ့ရာ ဖြေဆိုမှုရာခိုင်နှုန်း (၉၉ ဒသမ ၄)ရာခိုင်နှုန်းရှိကြောင်း၊ ဆေးရုံများတွင် ဖွင့်လှစ်ထားသည့် သီးသန့်စာစစ်ဌာနများ၌ ဖြေဆိုမှုများရှိခဲ့ရာ မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ကျောင်းသားသုံးဦး၊ ကျောင်းသူတစ်ဦး၊ ပြင်ဦးလွင်မြို့ ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ကျောင်းသားတစ်ဦး၊ ကျောင်းသူတစ်ဦး၊ သာစည်မြို့နယ်ပြည်သူ့ဆေးရုံတွင် ကျောင်းသားတစ်ဦး၊ ညောင်ရမ်းတိုက်နယ်ဆေးရုံတွင် ကျောင်းသူတစ်ဦးတို့ ဖြေဆိုခဲ့ကြကြောင်းနှင့် တိုင်းဒေသကြီးအတွင်း စာစစ်ဌာန (၁၀၈)ခု ဖွင့်လှစ်ဆောင်ရွက်ထားရှိကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှတာဝန်ရှိသူများက စာမေးပွဲကာလအတွင်း ကျောင်းသား၊ ကျောင်းသူများ သွားလာရေးအဆင်ပြေချောမွေ့စေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရန် စီမံဆောင်ရွက်ပေးထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





## မန္တလေးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့နှင့် ခရိုင်/မြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





**မန္တလေး မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့နှင့် ခရိုင်၊ မြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂)၊ အတွင်းရေးမှူး၊ ခရိုင်၊ မြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များမှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရည်မှန်းချက်များပြည့်မီအောင် စည်းကမ်းတကျ ဆောင်ရွက်သွားရေး၊ ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံရသည့်အတွက် လူမှုဆက်ဆံရေး ကောင်းမွန်စေရေး၊ ငွေကြေး မသမာမှုများမရှိစေရေး၊ အဂတိ မဖြစ်ပေါ်စေရေး တာဝန်ရှိသူ အဆင့်ဆင့်က အလေးထားကာ စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရေးတို့ကို မှာကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ အတွင်းရေးမှူးတို့က တိုင်းဒေသကြီး အတွင်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီးနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့် Online ဖြင့် တက်ရောက်ကြသည့် ခရိုင်၊ မြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များမှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး လုပ်ငန်းစဉ်ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်(ငွေလုံးငွေရင်း)ထုတ်ပေးခြင်း အခမ်းအနား ကျင်းပ

**မန္တလေး မတ် ၁၁**

အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်(ငွေလုံးငွေရင်း)ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားတွင် အလုပ်သမားဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးလူမှုဖူလုံရေးရုံး၊ တိုင်းဒေသကြီးတာဝန်ခံအရာရှိ၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကေသီခိုင်က မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် လူမှုဖူလုံရေးရုံးတွင် ထည့်ဝင်ကြေးပေးသွင်းလျက်ရှိသည့် မြန်မာ့မီးရထား၊ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)(၁၀၀၀၂·၃၂·၂·၂·၂၂၂)မှ အာမခံအလုပ်သမား ဦးဟန်ဝင်းထွန်း (၁၀၀၀၂·၃၂·၄·၁·၂၂၄၅)၏ အလုပ်တွင် ထိခိုက်ဒဏ်ရာရရှိမှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်(ငွေလုံးငွေရင်း)ငွေကျပ် ၈၁၀၀၀၀၀ (ရှစ်ဆယ့်တစ်သိန်းကျပ်တိတိ)ကို ဦးဟန်ဝင်းထွန်း၏ ဇနီးဖြစ်သူ ဒေါ်ဝါဝါကျော်အား ထုတ်ပေးခဲ့သည်။ **(အောက်ပုံ)**

လူမှုဖူလုံရေးအဖွဲ့သည် အကျုံးဝင်မှတ်ပုံတင်ထားသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အာမခံအလုပ်သမားများအား မကျန်းမာမှု၊ မီးဖွားမှု၊ ဖခင်ဘဝဖြစ်မှု၊ နာရေးစရိတ်ထောက်ပံ့ကြေးငွေ၊ ဆေးဖိုးပြန်အမ်းငွေ၊ ယာယီမသန်စွမ်းမှု၊ အမြဲတမ်းမသန်စွမ်းမှု၊ ကျန်ရစ်သူငွေလုံးငွေရင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းနှင့် အချိန်ပြည့် ပညာသင်ကြားနေသော သားသမီးများအား ပညာသင်စရိတ်ဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်များကို ထိရောက်ပြည့်စုံစွာ ခွင့်ပြုထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-စ)**






## ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်အား ဖြေဆိုလျက်ရှိ

**မြို့သစ် မတ် ၁၁**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲများ၏ ပထမနေ့ မြန်မာစာဘာသာရပ်ကို ယနေ့နံနက် ၉ နာရီမှစတင်၍ သက်ဆိုင်ရာစာစစ်ဌာနအသီးသီး၌ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ စတင်ဖြေဆိုလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

မြို့သစ်မြို့နယ်တွင် ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန်အတွက် အ·ထ·က(၁)မြို့သစ်စာစစ်ဌာန၊ အ·ထ·က(ဝါးကြီးအိုင်)စာစစ်ဌာနနှင့် အ·ထ·က-မြေပြင်သာ(စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး)စာစစ်ဌာန စုစုပေါင်းစာစစ်ဌာန သုံးခုထားရှိပြီး အ·ထ·က(၁)မြို့သစ်စာစစ်ဌာနတွင် စာရင်းရှိ ကျောင်းသား၊ ကျောင်းသူ(၆၈၂)ဦး၊ ဖြေဆိုသူ(၆၆၅)ဦး၊ ပျက်ကွက်သူ(၁၇)ဦး၊ အ·ထ·က(ဝါးကြီးအိုင်)စာစစ်ဌာနတွင် စာရင်းရှိ(၇၂၀)ဦး၊ ဖြေဆိုသူ(၇၁၄)ဦး၊ ပျက်ကွက်သူ(၆)ဦးရှိပြီး ဖြေဆိုသည့်ရာခိုင်နှုန်းအားဖြင့် (၉၈ ဒသမ ၃၆ )ရာခိုင်နှုန်းရှိပြီး အ·ထ·က-မြေပြင်သာ(စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး)တက္ကသိုလ်ဝင်စာမေးပွဲတွင် စာရင်းရှိ(၁၃၀)ဦး၊ ဖြေဆိုသူ(၁၂၆)ဦး၊ ပျက်ကွက်သူ(၄)ဦးရှိကာ ဖြေဆိုသည့်ရာခိုင်နှုန်းအားဖြင့် (၉၆ ဒသမ ၉၂)ရာခိုင်နှုန်းရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

မြို့သစ်မြို့နယ်တွင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေးအတွက် မြို့သစ်မြို့နယ်၊ နယ်မြေခံတပ်မှ စက်ရုံမှူး ဗိုလ်မှူးကြီးသိန်းလွင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက အနီးကပ်ကြီးကြပ်၍ ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းအိစွန်(ပြန်/ဆက်)**

## စာဖတ်ခြင်း၏ အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောပွဲ ကျင်းပ

**ပျော်ဘွယ် မတ် ၁၁**

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူ၊ လူငယ်များ အသိဉာဏ်ပညာဖွံ့ဖြိုး တိုးတက်စေရန်ရည်ရွယ်၍ စာဖတ်ခြင်း၏ အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ခင်ကြီးယကျေးရွာ ဘုရားငါးဆူကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းကြူက အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဗဟုသုတရရှိစေမည့် စာပေများကို လေ့လာဖတ်ရှုတတ်စေရန်၊ မိမိတို့နှင့် လိုက်လျောညီထွေဖြစ်မည့် စာပေများကို ရွေးချယ်ဖတ်ရှုရန် လိုအပ်ပါကြောင်း၊ လူငယ်များအနေဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်တို့ကို ကျောင်းသား၊ ကျောင်းသူ၊ လူငယ်များနှင့်အတူ အပြန်အလှန် ဆွေးနွေးဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များ၊ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေး စာအုပ်၊ စာစောင်များကို တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**



## စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အရင်းအမြစ်များကို ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန်လိုအပ်

**စစ်ကိုင်း မတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အရင်းအမြစ်များကို ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန်လိုအပ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ပြောသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဘိုးဘွားအမွေအနှစ်၊ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အရင်းအမြစ်တွေကို ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြဖို့နဲ့ ဒေသခံပြည်သူလူထု အကျိုးရှိစေမယ့်လုပ်ငန်းတွေကို လုပ်ဆောင်ရင်း ခရီးသွားလုပ်ငန်းနဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ကော်မတီအဖွဲ့ဝင်အားလုံးက ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြဖို့ လိုအပ်ပါတယ်"ဟု ဝန်ကြီးချုပ်ဦးမြတ်ကျော်က ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီ အစည်းအဝေး(၃/၂၀၂၆)ကို မတ် ၉ ရက် မွန်းလွဲပိုင်းက မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်းက ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနရုံးမှ တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်စိန်က ခရီးသွားလုပ်ငန်းကော်မတီ (၂/၂၀၂၆)၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက်ဆဲအခြေအနေများ၊ ယခုအစည်းအဝေးတွင် ဆုံးဖြတ်အတည်ပြုပေးရမည့် ကိစ္စရပ်များနှင့် တိုင်းဒေသကြီးအတွင်းခရီးသွားဝင်ရောက်မှု အခြေအနေများအား Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များက မိမိတို့ဌာနများအလိုက် တိုင်းဒေသကြီးအတွင်းရှိ ခရီးသွားဇုန်များ၌ သန့်ရှင်းသပ်ရပ်မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများ၊ ခရီးသွားများသွားလာရေး၊ နေထိုင်ရေးနှင့် ဟိုတယ်၊ တည်းခိုရိပ်သာများ၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများ၊ ဟိုတယ်၊ တည်းခိုရိပ်သာလုပ်ငန်းရှင်များက မိမိတို့လုပ်ကိုင် ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့်ပတ်သက်၍ ဖြည့်ဆည်းပေးရန် လိုအပ်မှုအခြေအနေများကို အသီးသီးအကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

(၃၉၄)



## ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ လူထုကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ သင်ကြားပို့ချ

**ကျောက်ဆည် မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ မတ် ၁၀ ရက် နံနက် ၉ နာရီက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေး စေတနာ့ဝန်ထမ်းများ လူထုကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများသင်တန်းဖွင့်လှစ်၍ သင်ကြားပို့ချလျက်ရှိသည်။

သင်တန်းတွင် မြို့နယ်ကျန်းမာရေးအရာရှိ ဦးကျော်စွာထွန်း၊ ကျန်းမာရေးမှူးအဆင့်(၁) ဦးသာဆန်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နှင်းအိန္ဒာထက်နှင့် သင်တန်းနည်းပြ ၁၂ ဦးတို့က လူထုကျန်းမာရေး လုပ်သားဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် တာဝန်ဝတ္တရားများ၊ လုပ်နည်းလုပ်ဟန်များ၊ ကျန်းမာရေးသဘောတရားနှင့် အခြေခံမူ ငါးချက်၊ ကျေးလက်ကျန်းမာရေးဌာနဌာနခွဲများ၏လုပ်ငန်းများ၊ ကူးစက်ရောဂါ၏ အဓိပ္ပာယ်၊ ကူးစက်ပြန့်ပွားပုံ ကွင်းဆက်များ၊ ကူးစက်ရောဂါ ဖြစ်လာလျှင် ပြုလုပ်ရမည့် အချက်အလက်များနှင့် ချက်ချင်းဆောင်ရွက်ရန် နည်းလမ်းများ၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးသောက်သုံးမှုကြောင့် ဖြစ်သောရောဂါများ၊ ကလိုရင်းဆေးခတ်ခြင်းအကြောင်း၊ အမှိုက်များ စနစ်တကျ စွန့်ပစ်ရန်နည်းလမ်းများ၊ ကျန်းမာရေးအသိပညာပေးနိုင်ရန်အတွက် လူထုကျန်းမာရေးလုပ်သားများတွင်ရှိသင့်သည့် ကျွမ်းကျင်မှုများ၊ ပညာပေးနည်းလမ်းများ၊ ပညာပေးအထောက်အကူပစ္စည်းများ၊ လူထုပူးပေါင်းပါဝင်မှုကို ရယူဆောင်ရွက်ခြင်း၊ လူထုကိုယ်တိုင် ကျန်းမာရေး ပြဿနာများကို လေ့လာဖော်ထုတ်နည်း၊ ပြဿနာများကို ဖြေရှင်းနည်း စသည့် ကျန်းမာရေးစောင့်ရှောက်မှုပညာများကို သင်ကြားပို့ချလျက်ရှိသည်။

အဆိုပါ သင်တန်းသို့ ကျောက်ဆည်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ တီဘီစေတနာ့ဝန်ထမ်း၊ ငှက်ဖျားစေတနာ့ဝန်ထမ်း၊ ICMV၊ လူမှုကျန်းမာရေးလုပ်သား စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၁၉ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ မတ် ၄ ရက်မှ ၂၇ ရက်အထိ နှစ်ပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

(၄၈၅)

## တက္ကသိုလ်ဝင်စာမေးပွဲ စတင်ကျင်းပရာ ချမ်းအေးသာစံမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူ ၉၇ ဒသမ ၃၃ ရာခိုင်နှုန်း လာရောက်ဖြေဆို

**မန္တလေး မတ် ၁၁**

မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့ နံနက်ပိုင်းမှ စတင်ကျင်းပလျက်ရှိရာ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ စာစစ်ဌာနများ၌ တက္ကသိုလ်ဝင်စာမေးပွဲ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၉၇ ဒသမ ၃၃ ရာခိုင်နှုန်း လာရောက်ဖြေဆိုခဲ့သည်။

ချမ်းအေးသာစံမြို့နယ်အတွင်း၌ စာစစ်ဌာန ငါးခုသတ်မှတ်ထားပြီး အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ စာရင်းရှိ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၁၇၅ ဦးရှိရာ လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၁၁၇ ဦး၊ ပျက်ကွက်ကျောင်းသား ၅၈ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း ဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက စာစစ်ဌာနပတ်ဝန်းကျင်၌ ဆူညံသံများမဖြစ်ပေါ်စေရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ထားရှိခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရေးစသည်တို့ကို ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**(အပေါ်ယာပုံ)**

**ချမ်းမြေ့မောင်(ချမ်း/စံ)**

## ကြက်သွန်နီစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ တောင်သူနည်းပညာပေးသင်တန်းဖွင့်လှစ်

**ရေနံချောင်း မတ် ၁၁**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ အရည်အသွေးပြည့်မီသည့် ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရန် ရည်ရွယ်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြင့်မြတ်တော်ဝင်ကုမ္ပဏီ(မကွေး)တို့ ပူးပေါင်း၍ ကြက်သွန်နီ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(GAP) တောင်သူနည်းပညာပေးသင်တန်းကို ယမန်နေ့က ရာပြည့်သာသနာ့ဗိမာန်တော်ခန်းမ၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးငွေဆန်းက အမှာစကား ပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ဇီဝဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝဏ္ဏထွန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးယဉ်မင်းစိုးနှင့် ဝန်ထမ်းများက တောင်သူများ ကြက်သွန်နီ စိုက်ပျိုးရာတွင် စနစ်တကျစိုက်ပျိုးတတ်စေရန်၊ ကြက်သွန်နီစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း(GAP) နည်းပညာများကို သင်တန်းကာလ နှစ်ရက်ကြာ ဖွင့်လှစ်ပို့ချခဲ့သည်။



အဆိုပါ သင်တန်းတွင် မြို့နယ်အတွင်းရှိ ကျေးရွာရှစ်ရွာမှ (GAP)လက်မှတ်လျှောက်ထားသူ သင်တန်းသား တောင်သူ ၁၈၅ ဦး တက်ရောက်ခဲ့ပြီး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း (GAP) လက်ကမ်းစာစောင်များနှင့် စိုက်ပျိုးရေးဆိုင်ရာ သတင်းအချက်အလက်များကို မေးမြန်းနိုင်ရန် Call Center လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး မြင့်မြတ်တော်ဝင် ကုမ္ပဏီမှ တာဝန်ရှိသူများက မြေဆီလွှာဓာတ်ခွဲ သေတ္တာ ၁၅ ခုကို ကျေးရွာကိုယ်စားပြု တောင်သူခေါင်းဆောင်များထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ) စိုးသူအောင်**

**သန့်ရှင်းသာယာ မန္တလာ**
**ပိုင်းဝန်းထိန်းသိမ်းပါ။**

# မိတ္ထီလာပညာရေးဒီဂရီကောလိပ်၌ လူငယ်စကားဝိုင်း ကျင်းပ



**မိတ္ထီလာ မတ် ၁၁**

မိတ္ထီလာမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မိတ္ထီလာပညာရေးဒီဂရီကောလိပ် တို့ပူးပေါင်းဆောင်ရွက်သော လူငယ်စကားဝိုင်းကို မတ် ၁၀ ရက် နံနက်ပိုင်းက အဆိုပါဒီဂရီကောလိပ်ခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ လူငယ်စကားဝိုင်း ပထမပိုင်းအစီအစဉ်ကို ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင် ဦးကျော်ဇေယျက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး စာရေးဆရာကြည်သိန်းဇော်က လူငယ်နှင့်ဗလငါးတန်ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် အသိပညာပေး ပြောကြားပြီး မိတ္ထီလာပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါက်တာစုလတ်ထွေးက လူငယ်စကားဝိုင်းကျင်းပပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က လူငယ်စကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယပိုင်းအစီအစဉ်ဖြင့် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပသည်။ ထိုလူငယ်စကားဝိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာလာဆွေဝင်းက ဦးဆောင်၍ မိတ္ထီလာပညာရေးဒီဂရီကောလိပ်မှ သင်တန်းသား၊ သင်တန်းသူ ငါးဦးက လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် မူးယစ်ဆေး၊ လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်စာရိတ္တ ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ တက်ရောက်လာကြသည့် သင်တန်းသား၊ သင်တန်းသူများက ဖြည့်စွက်ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(၄၅၃)**

# အသိပေးကြေညာခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်နိုင်ရန် လုပ်ငန်းလိုင်စင်များ စိစစ်ထုတ်ပေးလျက်ရှိပါသည်။ လိုင်စင်သက်တမ်းသည် လိုင်စင်ထုတ်သည့်ရက်မှစတင်၍ အကျုံးဝင်သည့် ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်းဖြစ်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် (၁-၄-၂၀၂၆)ရက်မှ (၃၁-၃-၂၀၂၇)ရက်အထိ တစ်နှစ်သက်တမ်းရှိသော လုပ်ငန်းလိုင်စင်ထုတ်ပေးသွားမည် ဖြစ်ပါသည်။

၂။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်အင်္ဂါရပ်နှင့်အညီ မြို့ပြစီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်နှင့် စည်ပင်သာယာရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှစ၍ လုပ်ငန်းလိုင်စင်နှင့် စီးပွားရေးအမှိုက်သိမ်းဆည်းခ(ဟိုတယ်/ဆေးရုံ၊ ဆေးခန်း)များကို ခေတ်နှင့်လျော်ညီသော နှုန်းထားဖြင့် ပြောင်းလဲကောက်ခံသွားမည်ဖြစ်ပါသဖြင့် ပြင်ဆင်သတ်မှတ်ထားသော လိုင်စင်ခနှုန်းများအတိုင်း ပေးဆောင်ရန်နှင့် အသေးစိတ်သိရှိလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာနနှင့် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများသို့ ဆက်သွယ်စုံစမ်းဆောင်ရွက်ပါရန် အသိပေးကြေညာအပ်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

# ပုဗ္ဗသီရိမြို့နယ်အတွင်း အမှိုက်ကင်းစင်သန့်ရှင်းရေးဆောင်ရွက်

**ပုဗ္ဗသီရိ မတ် ၁၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၌ အပတ်စဉ် မြို့လုံးကျွတ်အမှိုက်ကင်းစင်သန့်ရှင်းရေးအတွက် စွန့်ပစ်အမှိုက်များစုပေါင်းရှင်းလင်းခြင်းကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့ရာ နေပြည်တော်ကောင်စီဝင် ဦးမင်းဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် Clean City ၊ Green City ၊ Smart City ဖြစ်စေရေး နေပြည်တော်ကောင်စီဝင် ဦးမင်းဦး၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူများက တက္ကသိုလ်ဝင်တန်းစာမေးပွဲ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေးအတွက် အမှတ်(၂၀) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းဝင်း အတွင်း၊ အပြင်ရှိ ပလတ်စတစ်စွန့်ပစ်အမှိုက်များ စုပေါင်းရှင်းလင်းခြင်း၊ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် အမှိုက်မပစ်ရေး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ပုဗ္ဗသီရိမြို့နယ်အနေဖြင့် မြို့တွင်းသန့်ရှင်းသာယာလှပစေရေးအတွက် စွန့်ပစ်အမှိုက်များ စုပေါင်းရှင်းလင်းခြင်းကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**အောင်ကို(ပြန်/ဆက်)**



# ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး မတ် ၁၁**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ မွန်းလွဲပိုင်းက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တကေသဝ (ဓမ္မာစရိယ၊ B.A)က ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချအနုမောဒနာတရား ဟောကြားချီးမြှင့်သည်။

ထို့နောက် ရှမ်းပြည်နယ် မြောက်ပိုင်း၊ နန်းခမ်းမြို့နေ ဦးစိုင်းမောင်ထွန်း+ ဒေါ်နန်းမြစိန်(အွန်ဟော်ကုမ္ပဏီ)မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ်သိန်း ၃၀ ကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးချစ်ထွန်းက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

PNT

0-0-0-0-0

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲများ စတင်ကျင်းပ၊ မန္တလေးတိုင်းဒေသကြီး၌ ကျောင်းသား ကျောင်းသူပေါင်း ၄၅၀၀၀ ကျော်ဝင်ရောက်ဖြေဆို

**မန္တလေး မတ် ၁၁**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယနေ့နံနက် ၉ နာရီမှ စတင်ကျင်းပလျက်ရှိရာ မန္တလေးတိုင်း ဒေသကြီးတွင်လည်း သက်ဆိုင်ရာ စာစစ်ဌာနများအလိုက် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဝင်ရောက်ဖြေဆိုကြသည်။

ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၅ မြို့နယ်၌ စာစစ်ဌာနပေါင်း ၁၀၈ ခုဖွင့်လှစ်ထားရှိပြီး ဖြေဆိုရန် စာရင်းရှိ ၄၇၅၄၉ ဦးအနက် ပထမရက် မြန်မာစာဘာသာရပ်ကို ၄၅၆၃၅ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြရာ ဖြေဆိုမှုရာခိုင်နှုန်းအနေဖြင့် ၉၅ ဒသမ ၉၇ ရာခိုင်နှုန်းရှိသည်။

မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက "စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး စင်တာ ခြောက်ခုမှ စာဖြေသူဦးရေ ၃၃၉ ဦးရှိပါတယ်။ စာမေးပွဲဖြေဆိုနေတဲ့ကာလအတွင်းမှာ လျှပ်စစ်မီးရရှိဖို့၊ စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေ သွားလာရေး အဆင်ပြေစေဖို့အတွက် ဆောင်ရွက်ထားရှိပါတယ်။ ကျောင်းသား ကျောင်းသူတွေအားလုံး အေးချမ်းစွာနဲ့ စိတ်ချမ်းသာစွာ ဖြေဆိုနိုင်ဖို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဦးဆောင်မှုနဲ့ အားလုံးအဆင်ပြေချောမွေ့အောင် ဆောင်ရွက်ထားရှိပါတယ်၊ ဒါကြောင့် စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေ စာမေးပွဲကြီးဖြေဆိုနိုင်ကြပါစေ၊ ကိုယ်မှန်းထားတဲ့ရလဒ်တွေလည်း ရကြပါစေလို့ ဆုတောင်းပေးလိုက်ရပါတယ်" ဟု ပြောသည်။

ထို့ပြင် တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာန ၁၀၈ ခုတွင် ကြီးကြပ်ရေးမှူး၊ တွဲဖက်ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူးများ တာဝန်ချထားပြီး စာဖြေခန်းတစ်ခုတွင် ဖြေဆိုသူဦးရေ ၃၀ ခန့်ထားရှိ ဖြေဆိုစေကြောင်းနှင့် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးနှင့် မန္တလေးဗဟိုအကျဉ်းထောင်တို့တွင်လည်း စာစစ်ဌာနများ ဖွင့်လှစ်ဖြေဆိုခွင့်ပြုထားကြောင်း သိရသည်။

အမှတ်(၁၆) အခြေခံပညာအထက်တန်း ကျောင်းတွင် ကြီးကြပ်ရေးမှူးတာဝန် ထမ်းဆောင်နေသည့် ဒေါ်ချောစုလွင်က "ကျွန်မတို့စာစစ်ဌာနမှာ ကျောင်းသား ကျောင်းသူ ၇၈၉ ဦး ဝင်ရောက်ဖြေဆိုကြမှာဖြစ်ပါတယ်။ အခန်းစောင့်ဆရာ ဆရာမအနေနဲ့ ၉၂ ဦး တာဝန်ချထားပါတယ်။ ကျောင်းသား ကျောင်းသူတွေ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေကို ဆောင်ရွက်ရပါတယ်။ တိုင်းဒေသကြီးကတာဝန်ရှိသူတွေကလည်း အားလုံးဆောင်ရွက်ပေးပါတယ်။ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေ အခက်အခဲမရှိ ဖြေဆိုနိုင်ပြီး ဂုဏ်ထူးတွေအများကြီးထွက်ကြပါစေလို့ ဆုတောင်းပေးပါတယ်" ဟုပြောသည်။





တက္ကသိုလ်ဝင် စာမေးပွဲ လာရောက်ဖြေဆိုသူ ကျောင်းသား မောင်သီဟထွန်းက လည်း "စာမေးပွဲဖြေဆိုဖို့ နည်းနည်းတော့ စိတ်လှုပ်ရှားနေပါတယ်။ စာတွေတော့ ကောင်းကောင်းကျက်ထားပါတယ်။ ဆရာ ဆရာမတွေကလည်း စာတွေသေချာလေး သင်ကြားပေးခဲ့ပါတယ်။ အဲဒီအတွက် ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်လည်း အကောင်းဆုံးဖြေဆိုနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟုပြောသည်။

တက္ကသိုလ်ဝင် စာမေးပွဲ လာရောက်ဖြေဆိုသူ ကျောင်းသူ မနဒီလှိုင်ထွန်းကလည်း "ကျွန်မတို့ကို ဆရာ ဆရာမတွေက သေချာလေး သင်ကြားပေးခဲ့တဲ့အပြင် ကျွန်မတို့အနေနဲ့လည်း တစ်နေ့စာတစ်နေ့ကို သေချာကျက်မှတ်ခဲ့ပါတယ်။ ဒါကြောင့် အခုတက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုရတဲ့အခါမှာလည်း စိတ်အေးချမ်းသာစွာနဲ့ ဆရာ ဆရာမတွေ သင်ကြားပေးထားတဲ့အတိုင်း ကြိုးစားဖြေဆိုသွားမှာဖြစ်ပါတယ်။ စိတ်လှုပ်ရှားမှုရှိပေမယ့် တစ်နှစ်လုံးကြိုးစားခဲ့တာဖြစ်တဲ့အတွက် ယုံကြည်မှုရှိပါတယ်။ ဂုဏ်ထူးကို ခြောက်ဘာသာအထိ မျှော်မှန်းထားပါတယ်။ မိဘတွေဖြစ်စေချင်တဲ့ ဆရာဝန်တစ်ယောက်ဖြစ်အောင် ကြိုးစားသွားမှာပါ" ဟုပြောသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှ ၁၇ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ၁၂ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

# ကျွန်တော်နှင့် . . . စက်သုံးဆီများဝယ်ယူခြင်း

**DE ဦးသန်းမြင့်ရေ - - - - - -**

အရှေ့အလယ်ပိုင်းဒေသမှာ အီရန်-အမေရိကန်ကြောင့် ပဋိပက္ခတွေ ဖြစ်ပွားနေပါတယ်။ ဒါကြောင့် ဟော်မုဇ်ရေလက် ကြားမှာ ရေနံတင်သင်္ဘောတွေ သွားလာရခက်ခဲနေတယ် ဆိုတဲ့သတင်းဟာ ကမ္ဘာအနှံ့မှာ ပျံ့နှံ့လျက်ရှိပါတယ်။ ကမ္ဘာ့ နိုင်ငံအသီးသီးက သူတို့နိုင်ငံတွေမှာ အရန်ဆီ ဘယ်နရက်၊ ဘယ်နလစာ ရှိတယ်ဆိုပြီး ကြေညာကြပါတယ်။ မြန်မာ နိုင်ငံမှာလဲ အရန်ဆီတွေ ရှိပါတယ်။ မြန်မာနိုင်ငံမှာလဲ အတိုင်း အတာတစ်ခုအထိ ပေးနိုင်အောင် စီမံထားပါတယ်။ ယခု အချိန်မှာတော့ ကိုရာဇာတို့ မန္တလေးမြို့မှာရှိတဲ့ ဆီဆိုင်တွေ မှာ စုံ ရက်တွေမှာ စုံ ကားတွေ၊ မ ရက်တွေမှာ မ ဂဏန်း ကားတွေ ဆီထုတ်ဖို့ စီစဉ်ပေးပါတယ်။ ဒါ့အပြင် မြူနီ စပယ်ယာဉ်၊ နီဗွာန်ယာဉ်၊ လုပ်ငန်းသုံးယာဉ်၊ ကြိုပို့ယာဉ် တွေက နေ့စဉ် ထုတ်လို့ ရပါတယ်။ Taxi လဲ နေ့စဉ်နင့်အမျှ ထုတ်လို့ရပါတယ်။ ဒါပေမယ့် ဒီနေရာမှာ ဆိုင်ကယ်တွေထဲ မှာတော့ without ဆိုင်ကယ်၊ နံပါတ် မပါတဲ့ ဆိုင်ကယ်တွေ၊ ခွင့်ပြုချက်မရှိဘဲ တွဲပါတဲ့ ဆိုင်ကယ်တွေနဲ့ ဝင်ရောက် တန်းစီ တာတွေ ရှိနေပါတယ်။ ဒီနေ့ မရက် ဖြစ်ပေမယ့် စုံ ဂဏန်း တွေ တန်းစီတဲ့ဆိုင်ကယ်တွေလဲ တွေ့ရပါတယ်။ ဒါ့အပြင် ဆီဆိုင်ရဲ့ compass အတွင်းမှာ မိမိတို့ဆိုင်ကယ်မှာ ရှိတဲ့ ဆီတွေကို အကြောင်းအမျိုးမျိုးကြောင့် နုတ်ယူကြတာတွေ တွေ့ရှိရပါတယ်။ ပြန်ရောင်းချင်တာပဲဖြစ်ဖြစ်၊ မိမိတို့ ဆိုင်ကယ်ထဲကို အပြည့်လိုချင် လို့ပဲဖြစ်ဖြစ် နုတ်ယူကြပါတယ်။ ဒါတွေဟာ ဥပဒေနဲ့ မညီညွတ် ပါဘူးခင်ဗျာ။ ဒါကြောင့် ဆီဆိုင်တွေမှာ ဆီကို အေးအေးချမ်းချမ်း ဝယ်ယူလို့ရအောင် စီစဉ် ပေးနေပါတယ်။ ဒါပေမယ့် အထက်ဖော်ပြပါ စည်းကမ်း တွေကိုတော့ လိုက်နာကြဖို့ လိုပါတယ်။ စည်းကမ်းတွေ မလိုက်နာဘူးဆိုရင်ဖြင့် သတ်မှတ်တဲ့ အမိန့် ညွှန်ကြားချက် တွေနဲ့အညီ ဆောင်ရွက်ရမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ပြည်သူတွေက public burping မဖြစ်အောင် သတ်မှတ်ရက်၊ အချိန်မှာ သတ်မှတ်တဲ့ ဆီတွေကို အေးချမ်းစွာ ဝယ်ယူနိုင် ကြပါတယ်ဆိုတဲ့အကြောင်း တင်ပြအပ်ပါတယ်ခင်ဗျာ။ ဆီဆိုင် ကြီးတွေကလဲ သတ်မှတ်တဲ့ အချိန်အတောအတွင်းမှာ ရောင်း ချပေးဖို့ရယ်၊ မိမိတို့မှာရှိတဲ့ ဆီတွေကို ကုန်အောင် ရောင်း ချပေးဖို့ရယ်၊ သတ်မှတ်ချိန်မှာ ဖွင့်ပိတ် ရောင်းချပေးဖို့ရယ်၊ သတ်မှတ်ဈေးနှုန်း အတိုင်း ရောင်းချပေးဖို့ရယ် တာဝန်ရှိပါ တယ်ခင်ဗျာ။ အဲဒီအချက် တွေကို မလိုက်နာရင် တိုင်ကြားနိုင်ပါတယ်ဆိုတဲ့အကြောင်းလဲ ဗီနိုင်းတွေကပ် ချိတ်ဆွဲထားပါတယ်။ ဒါကြောင့်မို့ ဆီဆိုင်တွေ လိုက်နာရမယ့် စည်းကမ်းတွေ၊ ဆီဝယ်ယူသူ ပြည်သူတွေ လိုက်နာ ရမယ့် စည်းကမ်းတွေနဲ့ အချက်အလက်တွေ မှန်မှန်ကန်ကန်ရှိဖို့ အတွက် ကြပ်မတ်တဲ့အဖွဲ့အစည်းတွေနဲ့ ဝိုင်းဝန်းကြိုးစားကြရင် တော့ ကျွန်တော်တို့ မန္တလေးမြို့ကြီးရဲ့ စက်သုံးဆီဆိုင်တွေမှာ panic buying တွေကို အတတ်နိုင်ဆုံး လျှော့ချနိုင်မှာ ဖြစ်ပါ တယ်ခင်ဗျာ။

**DE ဦးသန်းမြင့်ရေ - - - - - -**

အရှေ့အလယ်ပိုင်းဒေသမှာ အီရန်-အစ္စရေး ပဋိပက္ခတွေ ဖြစ်ပွားနေပါတယ်။ ဒါကြောင့် ကမ္ဘာ့အရပ်ရပ်မှာ ရေနံအကျပ် အတည်း ဖြစ်ပေါ်နေပါတယ်လို့ သတင်းများအရသိရပါတယ်။ အဲ့ဒီ အီရန်နိုင်ငံတည်ရှိတဲ့ ဟော်လ်မုဇ် ရေလက်ကြားက တင်ပို့ တဲ့ ရေနံကထွက်တဲ့ စက်သုံးဆီတွေဟာ ကမ္ဘာ့အရပ်ရပ်က ထွက်ရှိမှုရဲ့ ၂၀ ရာခိုင်နှုန်း ခန့်ရှိတယ်လို့လည်းသိရှိရပါတယ်။ အဲ့ဒီလိုပဲ ဒီရေလက်ကြားဒေသကထွက်တဲ့ ရေနံတွေအားလုံးရဲ့ ၈၀ ရာခိုင်နှုန်းကိုလည်း အာရှတိုက်ကိုတင်ပို့တယ်လို့သိရပါတယ်။ အဲ့ကျတော့ ကမ္ဘာ့နိုင်ငံအနှံ့အပြားမှာ ရေနံနဲ့ပတ်သက်တဲ့ စက်သုံးဆီတွေ အကျပ်အတည်း ဖြစ်နေတယ်လို့ သိရှိရပါ တယ်ခင်ဗျာ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း စက်သုံးဆီ အရောင်းဆိုင်မှာ စက်သုံးဆီတွေကို "panic buying" မဖြစ် ဖို့အတွက် ကျွန်တော်တို့က ဆိုင်တွေကို ဆိုင်ဖွင့်ချိန်ဆိုင်ပိတ်ချိန် တွေ အတွင်းမှာ လုံးဝရပ်နားမှုမရှိစေဘဲ ဆိုင်တွေမှာရှိတဲ့ "dispenser pump" တွေရှိသလောက်ကို ကားတွေနဲ့ ဆိုင်ကယ် တွေကို ဝန်ထမ်းအင်အားတွေသုံးပြီးတော့ ရောင်းခိုင်းပါတယ်။ ပြီးတော့ ဆီဆိုင်တွေရဲ့ balance တွေကိုလည်းဆီဆိုင်ရဲ့ "Auto Tank Gauge" တွေမှာ balance တွေကို monitor ပေါ်တင်ခိုင်း ထားပြီးတော့ ဒါတွေကို စစ်ဆေးပါတယ်။ လိုအပ်လျှင် လိုအပ် သလို ground tank တွေကိုလည်း စစ်ဆေးပါတယ်။ ဆိုလိုတာ ကတော့ လက်ကျန်တွေကို အားလုံးရောင်းစေချင်တာပါ။ အပြင်ကို မှောင်ခို မထုတ်ရဘူးပေါ့ခင်ဗျာ။ ပြီးတော့ ဒီဆီဆိုင်တွေက သတ် မှတ်ဈေးနှုန်းတွေ၊ သတ်မှတ်အချင် အတွယ်တွေနဲ့ ရောင်းချဖို့ကိုလည်း ကိုရာဇာတို့တစ်တွေက ကြီးကြပ်ပေးပါတယ်။ ဆိုင်တွေမှာ လုံခြုံရေး အစီအမံတွေ အပြည့်ထားဖို့၊ နောက်တစ်ခါ လုံခြုံရေးဝန်ထမ်းနဲ့၊ ဆီဆိုင်ဝန်ထမ်းကိုလည်း အပြည့်ထားဖို့၊ CCTV တွေတပ်ဖို့၊ ညွှန်ကြားချက်များကိုလည်း ဗီနိုင်းတွေထုတ်ပြီး ပြည်သူတွေ မြင်သာအောင် ကပ်ထားဖို့ ညွှန်ကြားထားပါတယ်။

**DE ဦးသန်းမြင့်ရေ - - - - - -**

ပြည်သူတွေအပိုင်းမှာတော့ ပြည်သူတွေက စုံအကွာရာ ရက်တွေ မှာ စုံအကွာရာမဟုတ်တဲ့ မအကွာရာယာဉ်တွေနဲ့ လာထုတ်တာရှိတယ်။ မအကွာရာရက်တွေမှာ မအကွာရာယာဉ် မဟုတ်တဲ့ စုံအကွာရာယာဉ် တွေနဲ့ လာထုတ်တာရှိတယ်။ အဲ့တာအပြင် "without" ယာဉ်တွေ နဲ့လည်း လာထုတ်တာမျိုး ရှိပါတယ်။ ဒါ့အပြင် အသက်အရွယ်အရ လိုင်စင်မရှိသေးတဲ့ ကလေးတွေက ဆိုင်ကယ်ကိုတွန်းလာတာမျိုးတို့၊ ဆိုင်ကယ်ကို မောင်းလာတာမျိုးတို့၊ အဲ့လိုမျိုးတွေနဲ့ လာထုတ်တာ မျိုးတွေ လည်းရှိပါတယ်။ တချို့ ဆိုင်ကယ်တွေ ဆိုရင်လည်း ရှေ့တွေ နောက်တွေမှာ နံပါတ်ပြား မပါတာမျိုးတွေရှိပါတယ်။ ဒီလို "without" ဆိုင်ကယ် တွေကို လုံးဝပေးမထုတ်စေပါဘူး။ တစ်ချို့တစ်လေ က ဒီဆိုင်ရဲ့ compound အနီးမှာဖြစ်စေ၊ အနီး အနားမှာ ဖြစ်စေ၊ ဆီတွေကို ကဲ့ထုတ်ပြီးတော့ ပုလင်းဘူးတွေ၊ ခွက်တွေထဲကို ထည့်ပြီးတော့ အနီးနားမှာ ပြန်လည်ရောင်းချ ကောက်ခံတာတို့၊ ဒီလိုမှောင်ခိုဈေးကွက်တွေဟာလည်း အနည်းငယ် ဖြစ်ပေါ်နေပါတယ်။ ဒါကြောင့်မလို့၊ ဆိုင်ကယ်တစ်စီးဟာ ဆီဆိုင်တစ်ဆိုင်မှာ အကြိမ်ကြိမ်ထုတ်လို့ မရအောင်၊ နောက်တစ်ခါတခြားဆိုင်မှာ ထပ်ပြီးတော့ ထုတ်လို့မရအောင်၊ နောက် တက္ကစီ၊ အိုးဝေလိုဟာမျိုးလို ခွင့်ပေးထားတဲ့ ကားတွေဟာလည်း တစ်ရက်ထဲမှာ အကြိမ်ကြိမ် ထပ်မံထုတ် လို့မရအောင် ဒါတွေကို စီမံဆောင်ရွက်ဖို့လိုအပ်ပါတယ်။

**DE ဦးသန်းမြင့်ရေ - - - - - -**

ယခုအချိန်မှာတော့ နေပြည်တော်ရယ်၊ ရန်ကုန်ရယ်၊ မန္တလေးရယ်၊ တောင်ကြီးမြို့ စတဲ့ မြို့ကြီး (၄)မြို့ကို ပထမ ဦးစားပေးအနေနဲ့ စက်သုံးဆီများကို တစ်ရက်မှာ နှစ်ကြိမ် ဝယ်ယူမှုမရှိစေရန် နည်းပညာကုမ္ပဏီတစ်ခုဖြစ်တဲ့ "Nano Labs" ကုမ္ပဏီနဲ့ ပူးပေါင်းပြီးတော့ မော်တော်ယာဉ်များအတွက် "wheel tax" မှာပါရှိတဲ့ "bar code" တွေကို စကန်ဖတ်၍ လည်းကောင်း၊ "QR Code" ကိုထုတ်ပေး၍ လည်းကောင်း၊ "mobile phone" များဖြင့် စက်သုံးဆီရောင်းချမယ့် အစဉ်အမှတ်များကို စမ်းသပ် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ (11.3.2026) ရက်မှာဆို လို့ရှိ ရင် မန္တလေးမြို့နယ် (၇)မြို့နယ်မှာရှိတဲ့ လက်ရှိဖွင့်လှစ်ရောင်းချ နေတဲ့ စက်သုံးဆီဆိုင် (၁၇၉) ဆိုင်ရဲ့ ဆီဆိုင်မန်နေဂျာတွေကို သင်တန်းပေးမှာဖြစ်ပါတယ်။ လေးကြိမ်ခွဲပြီးတော့ သင်တန်းပေးပါ မယ်။ အဲ့ဒီသင်တန်းမှာ မန္တလေး PPRD ကနေကြီးကြပ်ပြီးတော့ သရုပ်ပြကုမ္ပဏီနဲ့ ပူးပေါင်းပြီးတော့ ရှင်းလင်းပေးမှာဖြစ်ပါတယ်။ ရှင်းလင်းပြီးတော့ ခုနက မန်နေဂျာတွေရဲ့ ဖုန်းတွေမှာ "application" တွေထည့်ပြီးတော့ လာရောက်ဝယ်ယူတဲ့ကားတွေရဲ့ "wheel tax" တွေပေါ်မှာရှိတဲ့ "bar code" တွေကို ဖတ်တာ မျိုးတို့၊ ပြီးတော့ မိမိဆိုင်ရောက်လို့ရှိရင် မိမိဆိုင်မှာ dispenser (၁၀)ခုရှိတယ် ဆိုရင် အရောင်းဝန်ထမ်း (၁၀) ယောက်လုံးရဲ့ ဖုန်းတွေမှာ ပြန့်ပွားပြီးတော့ ဒီလို "Wheel tax" တွေကို စကန်ဖတ်ပြီး စစ်ဆေးတာမျိုးတို့၊ ဆိုင်ကယ်တွေရဲ့ "Wheel tax" တွေမှာ "QR Code" တွေ ထုတ်ပေးတာမျိုးတို့၊ ဒါမျိုးတွေနဲ့ မော် တော်ယာဉ်(ကား၊ ဆိုင်ကယ်) တစ်စီးဟာ မန္တလေးမြို့ထဲက မည်သည့်ဆိုင်မှာမဆို (၂)ကြိမ်ထုတ်ယူခွင့်မရအောင်၊ တစ်ကြိမ် ထက်ပို၍ထုတ်ယူခွင့်မရအောင်တားဆီးမှာဖြစ်ကြောင်း သတင်း ကောင်းပါးအပ်ပါတယ်။ အဲ့ဒီ နောက်ပိုင်းကျလို့ရှိရင်တော့ ကျွန်တော် တို့ မော်တော်ယာဉ်တွေဖြစ်တဲ့ ကားတွေ၊ ဆိုင်ကယ်တွေ အားလုံးဟာ "wheel tax" တွေပါ ရှိရမှာ ဖြစ်ပါတယ်။ ဆိုင်ကယ် တွေဟာလည်း ယာဉ်မောင်း လိုင်စင်တွေပါရမယ်။ လူလိုင်စင်တွေ ပါရမယ်။ နောက်ပြီးတော့ သတ်မှတ်ထားတဲ့ ဦးထုပ်တွေဆောင်း ရမယ်၊ စတဲ့ ယာဉ်စည်းကမ်းတွေကို လိုက်နာပြီးတော့ နည်းပညာ အကူအညီနဲ့ ယာဉ် တစ်စီးက နှစ်ကြိမ်ထုတ်၍မရအောင်၊ စုံအကွာရာရက်တွေမှာ စုံအကွာရာကားတွေထုတ်အောင်၊ မအကွာရာ ရက်တွေမှာ မအကွာရာကားတွေထုတ်အောင်၊ နည်းပညာအကူအညီနဲ့ ဆောင်ရွက်တော့မှာဖြစ်ကြောင်း ကြိုတင်သတင်းကောင်း ပါးအပ်ပါ တယ်ခင်ဗျာ။

**ရွှေဇင်**
**(Natural Resources)**

## ဇမ္ဗူသီရိမြို့နယ် ရှားတောကျေးရွာ၌ ရေသန့်စင်စက်တပ်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဇမ္ဗူသီရိ မတ် ၁၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ဇမ္ဗူသီရိ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်ထောင်စု ရန်ပုံငွေဖြင့် တဲကြီးကုန်းကျေးရွာအုပ်စု၊ ရှားတောကျေးရွာ၌ ရေသန့်စင် စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇမ္ဗူသီရိမြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေဇင်လှိုင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့် အတူ ရှားတောကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးစီးသည့် ရေသန့်စင် စက်အား ရေရှည်တည်တံ့အောင် ကျေးရွာမှ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးရွာ၌ ဒေသခံပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ရေသန့်စင်စက် (RO Water Treatment System) တပ်ဆင်ခြင်းလုပ်ငန်းကို ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ရှစ်သန်းဖြင့် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်က လုပ်ငန်းစတင် ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးရွာနေပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ ရရှိသုံးစွဲနေပြီဖြစ်ကြောင်း သိရသည်။

(၄၄၅)

# မြစ်သားမြို့နယ်တွင် အခြေခံပန်းချီရေးဆွဲနည်းသင်တန်း (အခမဲ့) ဆက်လက်သင်ကြားပို့ချ

**မြစ်သား မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ နွေရာသီကျောင်းပိတ်ရက်များတွင် အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်နှင့် ပန်းချီရေးဆွဲရာတွင် အခြေခံကျကျ ရေးဆွဲတတ်စေရန် ရည်ရွယ်၍ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို မတ် ၁၀ ရက် နံနက် ၉ နာရီခွဲက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ (အခမဲ့)ဆက်လက်သင်ကြားပို့ချခဲ့သည်။

အဆိုပါအခြေခံပန်းချီရေးဆွဲနည်း သင်တန်းနည်းပြဆရာ ဦးဇော်ဇော်ဝင်းက ကျောင်းသား၊ ကျောင်းသူများကို ရေဆေး (Watercolor) ဖြင့် ပန်းချီရေးဆွဲရာတွင် ဆေးအရောင်စပ်နည်းသည် ရေဖြင့်ရောစပ်ပြီး ရေဆေးစပ်နည်းအခြေခံများကို အဓိကထား၍ သင်ကြားပေးခြင်းနှင့် ရေဆေးဖြင့် ပန်းချီပုံအမျိုးမျိုးရေးဆွဲရာတွင် အနီး၊ အဝေးပုံ ရေးဆွဲနည်းများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့သည်။



ထို့နောက် သင်တန်းအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်၊ စာစောင်ပြပွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ငါတို့ဘာတွေလုပ်ဆောင်ပေးနိုင်မလဲ နံရံကပ်စာစောင်ပြပွဲကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

**ဝင်းမင်းထွန်း(မြစ်သား)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

# လူထုအခြေပြုဗဟိုဌာန၌ နွေရာသီ အခြေခံအင်္ဂလိပ်စကားပြော သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာန( Community Centre)ခန်းမ၌ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ယနေ့ နံနက် ၉ နာရီခွဲက အခြေခံအင်္ဂလိပ်စကားပြောသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပသည်။



ရှေးဦးစွာ မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက သင်တန်းဆင်း အမှာစကားပြောကြားသည်။ ဆက်လက်၍ အခြေခံအင်္ဂလိပ်စကားပြောသင်တန်းတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသည့် ကျောင်းသူလေးများအား ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိ ဒေါ်ခင်စောလွင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မူလွန်(၂၀)ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းနွယ်နှင့် သင်တန်းနည်းပြဆရာမ ဒေါ်သွယ်သွယ်နှင်းတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်၊ စာစောင်များ၊ အသိပညာပေး နံရံကပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**စင်မင်းမောင်**

**(ခရိုင်၊ ပြန်/ဆက်)**

# နွေကျောင်းပိတ်မှာ

\- - - - - - - - - - - - - - -

* သုံးလချိန်ခါ
ကျောင်းတွေပိတ်တော့
ဒို့လူငယ်တို့
တွေးချင့်စရာ ။

* မိဘကူကာ
လုပ်ကိုင်ပေးတော့
သက်ရှည်ကျန်းမာ
ဘုန်းကြီးမှာ ။

* သင်ရာတတ်ရာ
ပညာများတို့
ကျောင်းတွေပိတ်တုန်း
သင်သင့်စရာ ။

* လူငယ်ဆိုတာ
တက်လူများမို့
တိုးတက်စေဖို့
အရေးကြီးတာ ။

* ဒီကျောင်းပိတ်မှာ
ကျိုးကောင်းရဖို့
မရ, ရအောင်
ကြိုးစားပါ ။ ။

စိုးဝင်း(ဆသရ)

# လူကုန်ကူးမှုအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**မိုင်းယောင်း မတ် ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ မတ် ၉ ရက် နံနက်ပိုင်းက "လူကုန်ကူးမှုကို လက်တွဲညီညာ တိုက်ဖျက်" ခေါင်းစဉ်ဖြင့် လူကုန်ကူးမှုအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျွမ်းကျင်-၃(ရုပ်သံ) ဒေါ်နန်းစီဖောင်းနှင့် စာကြည့်တိုက်လက်ထောက်- ၃ ဒေါ်ဝေဝေခိုင်တို့က လူကုန်ကူးမှုသည် ကမ္ဘာတစ်ဝန်းတွင် အငှားကိုယ်ဝန်ဆောင်ခြင်း၊ အဓမ္မမွေးစားခြင်း၊ လိမ်လည်လက်ထပ်၍ လူကုန်ကူးခြင်းကဲ့သို့သော ဖြစ်ပေါ်လာသည့် လူကုန်ကူးမှုပုံစံသစ်များလည်း ပါဝင်ကြောင်း၊ လူကုန်ကူးမှုသည် အများအားဖြင့် မသိနားမလည်သော အမျိုးသမီးများနှင့် ကလေးသူငယ်များကြားတွင် ဖြစ်ပေါ်လာတတ်ပြီး ယခုအခါ အမျိုးသားများ၊ သက်ကြီးရွယ်အိုများပါမကျန် ကျား၊ မ၊ အသက်အရွယ်မရွေး လူကုန်ကူးခံရနိုင်ခြေရှိသည်ကို သတိပြုရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

အလားတူ "ဆေးလိပ်နှင့်ကျန်းမာရေး" ခေါင်းစဉ်ဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲနှင့် "အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများကိုလည်း ကျင်းပခဲ့ကြောင်း သိရသည်။

**(၅၀၅)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ




# နွေရာသီ အခြေခံအင်္ဂလိပ်စာ၊ ပန်းချီ၊ စစ်တုရင် သင်တန်းဖွင့်လှစ်

**ညောင်ဦး မတ် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန၌ နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများ အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်စေရန် ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ အခြေခံအင်္ဂလိပ်စာ၊ ပန်းချီသင်တန်း၊ စစ်တုရင်သင်တန်းဖွင့်ပွဲကို မတ် ၉ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရည်မွန်သူက နွေရာသီကျောင်းပိတ်ရက်တွင် သင်တန်းများဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ညောင်ဦးမြို့နယ် စစ်တုရင်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်လင်းက စစ်တုရင်ကစားခြင်းဖြင့် ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်ခြင်း၊ သချင်္ချာစွမ်းရည်ထက်မြက်စေခြင်းနှင့် အယ်ဇိုင်းမားရောဂါမဖြစ်စေခြင်း အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ ညောင်ဦးမြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာမာထွန်းက ပူးပေါင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။

အဆိုပါသင်တန်းသို့ အထက်တန်း၊ အလယ်တန်း၊ မူလတန်းမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး သင်တန်းကာလ နှစ်လကြာ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)(၄၈၁)**






## တိုမီနေးအား ၂၀၃၀ ပြည့်နှစ်အထိ စာချုပ်သက်တမ်းတိုးရန် နာပိုလီအသင်း စီစဉ်

**တူရင် မတ် ၁၁**

နာပိုလီအသင်းသည် အသင်းကွင်းလယ်ကစားသမား တိုမီနေးကို ၂၀၃၀ ပြည့်နှစ်အထိ စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၂၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် နာပိုလီအသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား တိုမီနေးသည် နာပိုလီအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၇၀ ကစားပြီး ၂၃ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

နာပိုလီအသင်းထုတ်ပြန်ချက်တွင် 'တိုမီနေးအား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် အားထားရတဲ့ ကစားသမားကောင်းတစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ' ဟု ထုတ်ပြန်ထားသည်။

(အောက်ပုံ) (NGB)





## ဂါလာတာစာရေးအသင်းက လီဗာပူးအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် မတ် ၁၁**

ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ၁၆သင်းအဆင့် ရှုံးထွက် ပထမအကျော့ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ဂါလာတာစာရေးအသင်းနှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂါလာတာစာရေးအသင်းက လီဗာပူးအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဂါလာတာစာရေးအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ခုနစ်မိနစ်တွင် လီမီနာက သွင်းယူပေးခဲ့သည်။

ဂါလာတာစာရေးအသင်းသည် ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ၁၆သင်းအဆင့် ရှုံးထွက် ဒုတိယအကျော့ပွဲစဉ်အဖြစ် လာမည့် မတ် ၁၉ ရက်တွင် လီဗာပူးအသင်းအိမ်ကွင်းသို့ သွားရောက် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ (အပေါ်ပုံ) (NGB)

## နည်းပြ ခရက်စပိုအား နည်းပြရာထူးမှ ဆော်ပေါ်လိုအသင်းထုတ်ပယ်

**လန်ဒန် မတ် ၁၁**

ဘရာဇီးကလပ် ဆော်ပေါ်လိုအသင်းသည် အသင်းနည်းပြ ခရက်စပိုကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် လက်ရှိအချိန်တွင် ဆော်ပေါ်လိုအသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်ခဲ့ခြင်းကြောင့် နည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

နည်းပြ ခရက်စပိုသည် ဆော်ပေါ်လိုအသင်းအား ၂၀၂၅ခုနှစ် ဇွန် ၁၈ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၄၆ပွဲတွင် ၂၁ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ၁၈ပွဲရှုံးရလဒ်ပိုင်ဆိုင်ခဲ့သည်။

ဆော်ပေါ်လိုအသင်းထုတ်ပြန်ချက်တွင် 'နည်းပြ ခရက်စပိုကို ရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ' ဟု ထုတ်ပြန်ထားသည်။ (အောက်ပုံ) (NGB)



## ဘတ်စတိုနီ ဒူးဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရဖွယ်ရှိ

**မီလန် မတ် ၁၁**

အင်တာမီလန်အသင်း နောက်ခံကစားသမား ဘတ်စတိုနီသည် ဒူးဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရဖွယ်ရှိသည်။

အဆိုပါ နောက်ခံကစားသမားသည် စီးရီးအေပွဲစဉ်အဖြစ် အင်တာမီလန်အသင်းက အေစီမီလန်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ဘတ်စတိုနီသည် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အင်တာမီလန် အသင်းခံစစ်ပိုင်းအတွက် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမား ဘတ်စတိုနီသည် အင်တာမီလန်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၉၃ပွဲကစားပြီး ရှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

(အောက်ပုံ) (NGB)



## 2026 BNP Paribas Open အမျိုးသားတင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ Carlos Alcaraz တက်ရောက်


**မိုင်ယာမီ မတ် ၁၁**

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 BNP Paribas Open တင်းနစ် ပြိုင်ပွဲ စတုတ္ထအဆင့်သို့ စပိန်တင်းနစ်ကစားသမား Carlos Alcaraz တက်ရောက်နိုင်ခဲ့သည်။

အဆိုပါ စပိန်တင်းနစ်ကစားသမား Carlos Alcaraz သည် 2026 BNP Paribas Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် ပြင်သစ်တင်းနစ် ကစားသမား Arthur Rinderknech အား ၆-၇၊ ၆-၃၊ ၆-၂ ဖြင့် အနိုင်ရရှိကာ စတုတ္ထဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2026 BNP Paribas Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် စပိန်တင်းနစ်ကစားသမား Carlos Alcaraz နှင့် နော်ဝေတင်းနစ်ကစားသမား Casper Ruud တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(ယာပုံ) (NGB)



## ဂျီးဆပ်စ်ရိုဒရီဂွက်ဇ်အား ခေါ်ယူရန် မန်ယူအသင်းစီစဉ်

**လန်ဒန် မတ် ၁၁**

မန်ယူအသင်းသည် ကိုမိုအသင်း တောင်ပံကစားသမား ဂျီးဆပ်စ်ရိုဒရီဂွက်ဇ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက် ၂၀ အရွယ်ရှိ တောင်ပံကစားသမားသည် ကိုမိုအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၆ပွဲကစားပြီး သုံးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ယူအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

တောင်ပံကစားသမား ဂျီးဆပ်စ်ရိုဒရီဂွက်ဇ်ကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် မန်ယူအသင်းအနေဖြင့် လာမည့်နွေရာသီဈေးကွက်အတွင်းတွင် ကိုမိုအသင်းထံမှ ဂျီးဆပ်စ်ရိုဒရီဂွက်ဇ်ကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)

## ရိုဒရီ ကွင်းလယ်ဒိုင်လူကြီးအား ဝေဖန်ခဲ့မှုကြောင့် ဒဏ်ငွေပြစ်ဒဏ် စတာလင်ပေါင် ၈၀၀၀၀ ချမှတ်ခြင်းခံရ

**လန်ဒန် မတ် ၁၁**

မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ရိုဒရီသည် ကွင်းလယ်ဒိုင်လူကြီး ရောဘတ်ဂျုံးစ်အား ဝေဖန်ခဲ့မှုကြောင့် ဒဏ်ငွေပြစ်ဒဏ် စတာလင်ပေါင် ၈၀၀၀၀ ချမှတ်ခဲ့ကြောင်း အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (FA)က အတည်ပြု ထုတ်ပြန်ခဲ့သည်။



အဆိုပါ ကွင်းလယ်ကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် မန်စီးတီးအသင်းနှင့် စပါးအသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် ကွင်းလယ်ဒိုင်အား ကြားနေမဖြစ်ခဲ့ဘူးလို့ ဝေဖန်ခဲ့မှုကြောင့် ယခုလို ဒဏ်ငွေပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။

ကွင်းလယ်ကစားသမား ရိုဒရီသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၈၉ပွဲကစားပြီ ၂၈ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (FA)ထုတ်ပြန်ချက်တွင် 'ရိုဒရီကို ဒဏ်ငွေပြစ်ဒဏ်ချမှတ်ခဲ့ပါတယ်။ သူ့အနေနဲ့လည်း နောက်နောင်ယခုလို အပြုအမူမျိုးထပ်မံမပြုလုပ်ဖို့ သတိပေးခဲ့ပါတယ်' ဟု ထုတ်ပြန်သည်။ (ဝဲပုံ) (NGB)

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၁) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၂-၃-၂၀၂၆ ကြာသပတေးနေ့ | ညနေ၃း၃၀နာရီ | (၂)ရှမ်း - မဟာ(၆)<br>(W,D,W,W,W) (D,D,D,L,L) | ရှမ်း ၃-၀ မဟာ<br>မဟာ ၁-၅ ရှမ်း |

### ယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ ၁၆သင်းအဆင့်(ပ-အကျော့ပွဲစဉ်များ) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၃-၃-၂၀၂၆ သောကြာနေ့ | နံနက်၀၀း၁၅နာရီ | ဘိုလော့ဂ်နာ(အီတလီ-၈) - ရိုးမား(အီတလီ-၅) |
| ။ | ။ | လိုင်လီ(ပြင်သစ်-၆) - အက်စတွန်ဗီလာ(အင်္ဂလန်-၄) |
| ။ | ။ | ပနာသီနာကို့စ်(ဂရိ-၄) - ဘက်တစ်(စပိန်-၅) |
| ။ | ။ | စတုဂတ်(ဂျာမနီ-၄) - ပေါ်တို(ပေါ်တူဂီ-၁) |
| ၁၃-၃-၂၀၂၆ သောကြာနေ့ | နံနက်၀၂း၃၀နာရီ | ဆဲလ်တာဗီဂို(စပိန်-၆) - လိုင်ယွန်(ပြင်သစ်-၄) |
| ။ | ။ | ဗီရန်ဘားရို့စ်(ဟန်ဂေရီ-၁) - ဘရာဂါ(ပေါ်တူဂီ-၄) |
| ။ | ။ | ဂျန့်ခ်(ဘယ်လ်ဂျီယံ-၈) - ဖရိုင်းဘတ်(ဂျာမနီ-၈) |
| ။ | ။ | နော့တင်ဟမ်(အင်္ဂလန်-၁၇) - မစ်ဂျုလန်(ဒိန်းမတ်-၂) |

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၁၂)၊ ဦးပိုင်အမှတ်(၈)၊ ဦးချစ်စိန် အမည်ပါ မြို့ကွက်သစ် နေရာချထားရေး ငွေရပြေစာ စလစ်မူရင်း၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းအတွင်းရှိ ဦးပိုင်အမှတ်(၈)၏ တောင်ဘက်ခြမ်း ပေ(၂၀ × ၆၀) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ် အဆောက်အအုံ၊ ရေ၊ လျှပ်စစ်မီတာ(၁)လုံး ဆက်လက်သုံးစွဲခွင့်အပါအဝင် သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ၊ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည်ဟု အဆိုပြုသူ ဒေါ်နုနုဝင်း(ဘ)ဦးတင်ဝင်း(၅/မမန(နိုင်)၀၁၇၂၂၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ(ဝယ်ယူသူ)**
**ဒေါ်နန်းနွမ်းမိုဟွမ်**
**(ဘ)ဦးစိုင်းဆာထွန်း**
**(၁၃/နခန(နိုင်)၀၃၇၈၃၉)**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းသန်းစိုး (LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၆၇/ ၂၇-၁၂-၁၈)**
**၈၉လမ်း၊ ၄၁လမ်းနှင့် ၄၂လမ်းကြား၊ အကွက်(၄၁၃)၊**
**ရွှေဂူရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၅၈၃၁၃၃၄၅**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၂)၊ ဦးပိုင်အမှတ်(၃၈-က+၃၉-က)၊ မြေကွက်ပေါ်တွင် ဦးတင်ထွန်း(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မသန(နိုင်)၀၀၄၃၁၄)က RC (၂)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၃)၊ ဦးပိုင်အမှတ်(၇၉)၊ မြေကွက်ပေါ်တွင် ဒေါ်ရန်ဆုံချင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/တယန(ပြု)၀၀၀၂၁၆)က RC (၃)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်း/တောင်ရပ်ကွက်၊ အကွက်အမှတ်(၈၅၂)၊ ဦးပိုင်အမှတ်(၅၅-ခ+၅၆-ခ)၊ မြေကွက်ပေါ်တွင် ဦးကျော်ငွေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/နဆန(နိုင်)၀၅၈၂၆၃)က S.S (၂)ထပ်(၂)လုံး အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့် ကုန်ရုံဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၇)၊ ဦးပိုင်နံပါတ်(၁၀၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ ဦးဝင်းလှိုင်နှင့် ဦးဘရီတို့ အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးရေချမ်း(ဘ)ဦးကျော်တင်(၅/အရတ(နိုင်)၀၈၇၁၈၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစ်အောင်(LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ **ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၈)၊ ဦးပိုင်နံပါတ်(၉၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးမင်းလွင်နှင့် ဦးငွေဂဲတို့ အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဖြူဇင်ကျော်(ဘ)ဦးကျော်မျိုးနိုင်(၉/မဟမ(နိုင်)၀၅၉၄၁၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစ်အောင်(LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ **ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၄၉၂-ဆ)၊ ဦးပိုင်အမှတ်(၇၅)၊ ဧရိယာ(၀ ဒသမ ၀၂၇၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၄၉၂-ဆ)၊ ဦးပိုင်အမှတ်(၇၅)၊ ဧရိယာ(၀ ဒသမ ၀၂၇၁)ဧက အကျယ်အဝန်းရှိ ဂရန်အမှုတွဲအမှတ်(၂၁၈၂/၂၀၁၈-၂၀၁၉)အရ ဦးဖြိုးဝေစိုး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်၊ အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးကျော်သက်ထွန်း(ဘ)ဦးမြင့်ဆန်း(၉/အမဇ(နိုင်)၀၃၈၈၀၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာစိုး (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**ဖုန်း ၀၉-၇၉၇၃၅၅၁၇၃၊ ၀၉-၄၀၂၆၀၄၉၈၆**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၀)၊ ဦးပိုင်အမှတ်(၄၁ ခစင်း)၊ မြေကွက်ပေါ်တွင် ဒေါ်ရန်ချူ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကခန(နိုင်)၀၁၃၆၇၃)က RC (၂)ထပ်အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၃)၊ ဦးပိုင်အမှတ်(၂၅)၊ မြေကွက်ပေါ်တွင် ဦးနိုင်နိုင်ကျော် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/တမည(နိုင်)၀၀၅၅၂၀)က RC (၄)ထပ်အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(G)၊ ဦးပိုင်အမှတ်(၈၇)၊ မြေကွက်ပေါ်တွင် ဒေါ်လီရင်းရှန် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကခန(နိုင်)၀၅၄၂၀၅)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၂၄)၊ ဦးပိုင်အမှတ်(၂-က)၊ မြေကွက်ပေါ်တွင် ဒေါ်စုမွန်သက် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၈/ခမန(နိုင်)၁၃၇၇၃၇)က S.S (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့် ကုန်ရုံဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဂဂ-၃)၊ ဦးပိုင်အမှတ်(၂၂)၊ မြေကွက်ပေါ်တွင် ဦးကျော်ထွန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/နခန(နိုင်)၀၃၆၇၃၆)က S.S (၁)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၀)၊ ဦးပိုင်အမှတ်(၁၀)၊ မြေကွက်ပေါ်တွင် ဦးမိုးအောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/လရန(နိုင်)၁၉၃၈၂၈)က RC (၄)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၁၄)၊ ဦးပိုင်အမှတ်(၂၈)၊ မြေကွက်ပေါ်တွင် ဒေါ်လီကျီမိန် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/လရန(နိုင်)၁၄၀၆၁၈)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃-က)၊ ဦးပိုင်အမှတ်(၃၀/၂)၊ ဧရိယာ(၀ ဒသမ ၄၃)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ၁။ ဒေါ်ခင်မြင့်(၉/မနတ(နိုင်)၀၅၈၀၃၅) ၂။ ဦးမောင်အေး(၉/အမရ(နိုင်)၀၀၅၅၀၁)တို့ နှစ်ဦး အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်ကို ဦးမောင်အေး မသိရှိဘဲ ဝင်းခြံခတ်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အခြားတနည်း လွှဲပြောင်းခြင်းစသည့် အခြားနည်း တစ်စုံတစ်ရာဆောင်ရွက်ခြင်းများ မပြုလုပ်ရန်နှင့် ပြုမူဆောင်ရွက်လာပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်သန်းဆွေဦး (LL.B) တရားလွှတ်တော်ရှေ့နေ**

**၃၉လမ်း၊ ၆၆လမ်းနှင့် ၆၇လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၇၃၃၁၁၅၊ ၀၉-၉၆၆၄၅၂၃၂၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၅)၊ ဦးပိုင်အမှတ်(၃၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဒေါ်ခင်နှင်းဝေ အမည်ပေါက်ရှိသော ဂရန်မြေကွက် ဖြစ်ပါသည်။

အထက်ပါ ဦးပိုင်(၃၅)မြေကွက်အား အမည်ပေါက်သူ ဒေါ်ခင်နှင်းဝေမှ မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ (၂၃-၈-၂၀၂၃)ရက်စွဲပါ၊ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၇၁၂၀/၂၀၂၃)အရ ဦးအောင်နိုင်လင်း(ဘ)ဦးမိုတီလားလ်(၅/တမန(နိုင်)၀၅၁၉၉၉)သို့ လွှဲအပ်ခဲ့ပါသည်။

ယခုအခါ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၇၁၂၀/၂၀၂၃)နှင့်ပတ်သက်၍ ရုံးကိစ္စအဝဝတို့ ဆောင်ရွက်ပြီးစီးပြီးဖြစ်ပါသဖြင့် အဆိုပါ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၇၁၂၀/၂၀၂၃)အား အမည်ပေါက်သူ ဒေါ်ခင်နှင်းဝေ(ဘ)ဦးညိုဝင်း(၅/ဝသန(နိုင်)၀၃၅၄၃၀)မှ ပြန်လည်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

သို့ပါ၍ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၇၁၂၀/၂၀၂၃)အား အမည်ပေါက်သူ ဒေါ်ခင်နှင်းဝေမှ ပြန်လည်ဖျက်သိမ်းခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင်ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ (၁၄)ရက်အတွင်း သက်ဆိုင်စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အေးအေးခိုင် (LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**အမှတ်(ဆ-၇/၈၅-က)၊ လမ်း၇၀နှင့် ၇၁လမ်းကြား၊ နိုင်ရွှေဝါလမ်းနှင့် ဇလပ်ဝါလမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊အကွက်အမှတ်(မမ-၂၅)၊ ဦးပိုင်နံပါတ်(၅၅) ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ (၃၀×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်မှာ ဦးကြည်နိုင် (ဘ) ဦးစံလင်း (၁၂/မရက (နိုင်) ၁၀၅၄၄၉)အမည်ဖြင့် မြေနေရာချ ထားပေးခြင်း ခံခဲ့ရသည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်ထဲမှ အနောက်ဘက်ခြမ်း (၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏နေထိုင်ပိုင်ဆိုင်ခွင့်၊အကျိုးခံစားခွင့် အရပ်ရပ်တို့ကိုလက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာ ဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်တင်ကျော့ကျော့မောင် (ဘ) ဦးမောင်မောင်လတ် (၁၃/ရစန(နိုင်) ၁၁၇၁၀၂) ထံက ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက် သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ** **ဦးနေဇော်ဦး (LL.B)**

(တရားလွှတ်တော်ရှေ့နေ)

ဖဖ-၄၊ ထွန်တုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း - ၀၉-၄၃၁၈၅၉၁၀

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၅၆)၊ ဦးပိုင်အမှတ်(၄၅+၄၆)၊ ဧရိယာ(၀ ဒသမ ၁၁၀၂)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဦးကျော်ငြိမ်းအောင် အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ ဦးကျော်ငြိမ်းအောင်(အထူးကိုယ်စားလှယ်စာရသူ ဦးဇော်ဝင်းနိုင်)ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးကျော်စိုးမိုး(ခ)ဦးထွန်းရွှေက အရောင်းအဝယ် အရပ်ကတိစာချုပ်ချုပ်ဆိုခဲ့ပြီး လက်ရှိနေထိုင်လျက်ရှိပါသည်။ အဆိုပါ အရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား စာချုပ်ဆိုလိုသည့်အချိန်တွင် ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားခဲ့၍ ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ လာရောက်ဆက်သွယ်ခြင်းမရှိပါက အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဦးကျော်ငြိမ်းအောင်၏ အထူးကိုယ်စားလှယ်စာရသူ ဦးဇော်ဝင်းနိုင်နှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်နှင်းဖြူအောင် (LL.M)စဉ်-၉၄၀၄**

**တရားလွှတ်တော်ရှေ့နေ**

**ရုံးခန်း-၃၄လမ်းနှင့် ၃၅လမ်းကြား၊ ၆၅လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၈၁၁၀၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ရွှေဥမင်းထုတ်ရပ်ကွက်၊ အကွက်အမှတ်(၅၉၅-က/၃)၊ ဦးပိုင်အမှတ်(၅၀)၊ မြေဧရိယာ(၀ ဒသမ ၁၅)ဧက (ဝင်းခတ်ထားသည့်မြေပြင်အရှိအတိုင်း)အကျယ်အဝန်းရှိ ရွာမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ+မီး(ဆက်လက်သုံးစွဲခွင့်)ပစ္စည်းအရပ်ရပ်တို့၏ အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူများက လွန်ခဲ့သောနှစ်ပေါင်း(၆၀)ကျော်ခန့်ကတည်းက အစဉ်တစိုက် လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်အသုံးပြုသူလျက်ရှိသူများဟု အဆိုပြုသူများဖြစ်သော (၁) ဒေါ်ခင်မြင့်(ဘ)ဦးမောင်ကြီး(၉/အမရ(နိုင်)၀၀၇၁၄၀)၊ (၂) ဒေါ်ကျင်စိန်(ဘ)ဦးကြူးစိန်(၉/အမရ(နိုင်)၀၀၇၂၇၂)၊ (၃) ဒေါ်အေးသန္တာ(ဘ)ဦးသိန်းငွေ(၉/အမရ(နိုင်)၀၀၀၃၉၉)၊ (၄) ဒေါ်မွန်မွန်ကို(ဘ)ဦးကိုလေး(၅/စကန(နိုင်)၀၂၇၀၅၇)၊ (၅) ဒေါ်ဆင့်ဆင့်ကို(ဘ)ဦးကိုလေး(၅/စကန(နိုင်)၀၀၄၂၉၉)တို့နှင့် ကျွန်ုပ်၏မိတ်ဆွေတို့သည် အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီကြသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးတန်ဖိုးငွေအတွက် ကြိုတင်စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများသည် ဤကြေညာပါသည့်ရက်မှ (၁၄)ရက်စေ့ရောက်သောနေ့ အချိန်ကာလအထိ သက်ဆိုင်ရာ ပိုင်ဆိုင်ခွင့်အထောက်အထား၊ စာချုပ်စာတမ်းမူရင်းများဖြင့် တင်ပြ၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**

**ဦးထွန်းထွန်းဝင်း(ဘ)ဦးကိုလေး**

**(၅/မရန(နိုင်)၂၁၆၂၇၉)**

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ဇင်မာဝင်း (LL.B,D.B.L,D.I.L)**

**(တရားလွှတ်တော်ရှေ့နေ)**

**အကွက်(၆၉၇)၊ မဟာနွယ်စဉ်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၉၅၆၄၁၅၉၄၂**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက် အမှတ်(ပပ-၂၅)၊ ဦးပိုင်အမှတ်(ပပ-၂၅/၂-ခ)၊ ဧရိယာ(၁. ၀၀၀၀)ဧကအကျယ်အဝန်းရှိ ဦးညွန့်အောင် အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ဧရိယာ(. ၀၆၁၈၂)ဧကရှိမြေကွက်နှင့် အကွက်အမှတ်(လလ-၇၇)၊ ဦးပိုင်အမှတ်(၇၆+၇၇+၇၈+၇၉)၊ ဧရိယာ(၀. ၀၅၅၁)ဧကစီ အကျယ်အဝန်းရှိ ဦးညွန့်အောင် အမည်ပေါက် ဂရန်မြေ(၄)ကွက်၊ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၇၅)၊ ဦးပိုင်အမှတ်(၁၈)၊ ဧရိယာ(၀. ၀၃၂၉)ဧက အကျယ်အဝန်းရှိ ဦးညွန့်အောင်-ဒေါ်စန်းစန်းမြင့် အမည်ပေါက် ဘိုးဘပိုင်မြေကွက်၊ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းသပြေရပ်၊ အကွက်အမှတ်(၃၄၄)၊ ဦးပိုင်အမှတ်(၂၇/က)၊ ဧရိယာ(၀. ၁၁၄၃)ဧကအကျယ်အဝန်းရှိ မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အဦး၊ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဒ-၄)၊ ဦးပိုင်အမှတ်(၁၀၉)၊ ဧရိယာ(၀. ၀၆၀၆)ဧကအကျယ်အဝန်းရှိမြေကွက်နှင့် မြေပေါ်ရှိ အဆောက်အဦး၊ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ ကတောကျေးရွာအုပ်စု၊ ကွင်းအမှတ် ၃၃/ပင်ကန်၊ ဦးပိုင်အမှတ်(၆၈/၁)၊ ဧရိယာ(၁. ၇၈)ဧကရှိ ဦးမိုးညို အမည်ဖြင့် ပုံစံ(၇)ရရှိထားသည့် ယာမြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ သီရိရတနာ လက်ကားဈေး၊ (M-34)ဆိုင်ခန်း တစ်ခန်း၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ကျင်ဂနိုင်ကျေးရွာရှိ (၈၀×၆၀)ပေ အကျယ်အဝန်းရှိ ရွာမြေကွက်တို့မှာ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၁၁ လမ်းနှင့် ၈၈ လမ်းထောင့်နေ ဦးကျော်သူ (ဘ) ဦးညွန့်အောင်၊ ၉/ခအဇ(နိုင်)၀၀၇၁၃၂ နှင့် ဦးစိုးဝေဖြိုး၊ ဒေါ်လွင်လွင်ငွေတို့ (၃)ဦးတည်းသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ကြသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းရပ်များသာလျှင် ဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ ဦးကျော်သူ၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမပါရှိဘဲ ဦးစိုးဝေဖြိုးနှင့် ဒေါ်လွင်လွင်ငွေတို့မှသော်လည်းကောင်း၊ အခြားသူများမှသော်လည်းကောင်း လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အခြားနည်းတစ်စုံတစ်ရာဆောင်ရွက်ခြင်းတို့ လုံးဝ(လုံးဝ)မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူအား ကျွန်ုပ်မိတ်ဆွေ၏ သဘောဆန္ဒနှင့်အညီ တည်ဆဲတရားဥပဒေများအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးအောင်ကျော်ဖြိုး LL.B**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၇၂/၂၀၁၂)**

အမှတ်(၁၂၄)၊ ၃၆ လမ်း၊ ၇၈×၇၉ လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉ - ၉၆၆၉၆၆၁၈၈၊ ၀၉ - ၆၆၁၆၆၁၆၈၈

## ဦးသိန်းဆွေနှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ယ-၃)၊ ဦးပိုင်အမှတ်(၁၁၇)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးသိန်းဆွေ(ဘ)ဦးထွန်းလှိုင်(ISN-၀၈၃၈၁၇) အမည် ပေါက်ဂရန်မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်၏ တောင်ဘက်ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းနှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ် ကတိစာချုပ်ဖြင့် အမည်ပေါက်သူထံမှ ကျွန်ုပ်၏အမှုသည် ဦးဆန်းထွန်းရွှေ(ဘ)ဦးတင်ရွှေ(၉/မဟမ(နိုင်)၀၂၄၀၇၅)မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ အဆိုပါမခွဲစိတ်ရသေးသည့် မြေအကျယ်အဝန်းအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုလိုပါသဖြင့် ဦးသိန်းဆွေအား ရှာဖွေရာ မည်သည့်အရပ်ဒေသို့ ပြောင်းရွှေ့နေထိုင်သည်ကို စုံစမ်းသိရှိရခြင်းမရှိပါသဖြင့် ကတိအတိုင်း ဆောင်ရွက်ရန်အတွက် ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ဆက်သွယ်ဆောင်ရွက်ပေးပါရန် ဦးသိန်းဆွေနှင့် အများသိစေရန် ကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်သွယ်သွယ်လှိုင် (စဉ်-၉၄၃၆)**

**တရားလွှတ်တော်ရှေ့နေ**

**အမှတ်-၂၅က၊ ၃၅(ဘီ)လမ်း၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၀၁၂၀၄၄၊ ၀၉-၆၆၉၉၇၄၇၀၆၊ ၀၉-၇၈၀၂၄၆၅၉၁၊ ၀၉-၄၀၂၆၅၄၂၈၆**

❖ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ တိုးတက်အောင်မြင်မှုရှိစေရန် မဖြစ်မနေ ဆောင်ရွက်မည်ဖြစ်...

❖ အဆိုပါလုပ်ငန်းများကို နည်းပညာနှင့်ပေါင်းစပ်ပြီး တန်ဖိုးမြင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးရှိပြီး နိုင်ငံ့စီးပွားရေးကို တိုးတက်စေမည်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျရောက်သော နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# စက်သုံးဆီရောင်းချမှုများအပေါ် စိစစ်ကြပ်မတ်နိုင်ရေးဆောင်ရွက်သွားမည့်အစီအမံ အသိပေးထုတ်ပြန်ခြင်း




၂၀၂၆ ခုနှစ်၊ မတ်လ ၁၁ ရက်

စက်သုံးဆီမပြတ်လပ်စေရန်နှင့် စက်သုံးဆီ အမှန်တကယ် လိုအပ်သူများ အဆင်ပြေချောမွေ့စွာ ဝယ်ယူရရှိနိုင်စေရန်ရည်ရွယ်၍ အရောင်းဆိုင်များတွင် တစ်ရက်အတွင်း ၂ ကြိမ် (သို့မဟုတ်) ၃ ကြိမ် တန်းစီဝယ်ယူမှုများ လျော့နည်းပပျောက်စေရေးအတွက် အရောင်းဆိုင်များ အနေဖြင့် တယ်လီဖုန်း Application ကို အသုံးပြုပြီး စိစစ်ရောင်းချမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် အများပြည်သူဝန်ထုပ်ဝန်ပိုး မဖြစ်စေရေးနှင့် ပိုမိုရိုးရှင်းလွယ်ကူစွာ ဆောင်ရွက်နိုင်ရေးအတွက် ယာဉ်ပိုင်ရှင်များမှ Application အသုံးပြုရန်နှင့် Registration ပြုလုပ်ရန် လုံးဝမလိုအပ်ဘဲ အရောင်းဆိုင်အခြေပြုစိစစ်သည့် နည်းလမ်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မော်တော်ယာဉ်များအတွက် Wheel Tax ၏ Barcode ကိုလည်းကောင်း၊ မော်တော်ဆိုင်ကယ်များအတွက် Wheel Tax ပါအချက်အလက်များကို အသုံးပြုပြီး QR Code ထုတ်ပေး၍လည်းကောင်း Application ဖြင့် အလိုအလျောက်စစ်ဆေးသည့် နည်းလမ်းဖြင့် စိစစ်ရောင်းချပေးသွားမည်ဖြစ်ပါသည်။

စာမျက်နှာ ၃ သို့ ❒

## မြန်မာ့လက်ရွေးစင် ယူ-၁၇ အမျိုးသမီးအသင်းနှင့် အိန္ဒိယလက်ရွေးစင် ယူ-၁၇ အမျိုးသမီးအသင်းတို့ ပွဲကြိုသတင်းစာရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် မတ် ၁၁**

2026 AFC U-17 Women's Asian Cup ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်ခွင့်ရရှိထားသည့် မြန်မာ့လက်ရွေးစင် ယူ-၁၇ အမျိုးသမီးအသင်းနှင့် အိန္ဒိယလက်ရွေးစင် ယူ-၁၇ အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားမည့် နိုင်ငံတကာခြေစမ်းပွဲစဉ်များအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲ (Pre-Match Press Conference) ကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့၊ သုဝဏ္ဏအားကစားကွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။



အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ မြန်မာနှင့် အိန္ဒိယ ယူ-၁၇ အမျိုးသမီးအသင်းများမှ နည်းပြချုပ်များ တက်ရောက်ခဲ့ကြပြီး ပြိုင်ပွဲအတွက် ပြင်ဆင်ထားမှုများနှင့် ပတ်သက်၍ အသီးသီး ရှင်းလင်းပြောကြားခဲ့ကြသည်။

မြန်မာ့လက်ရွေးစင် ယူ-၁၇ အမျိုးသမီးအသင်း နည်းပြချုပ် Kumiko Tashiro က " တရုတ်နိုင်ငံမှာကျင်းပမယ့် အာရှဖလား မတိုင်မီ အိန္ဒိယနဲ့ကစားခွင့်ရလို့ ပွဲစီစဉ်ပေးသူတွေကို ကျေးဇူးတင်ပါတယ်။ အိန္ဒိယအသင်းကလည်း ခြေစစ်ပွဲ အောင်မြင်ထားပြီး သူတို့ကစားတဲ့ပွဲတွေကို လေ့လာထားပါတယ်။ သူတို့ဟာ အသင်းကောင်းတစ်သင်းဖြစ်ပြီး အရည်အချင်းရှိတဲ့ ကစားသမားတွေလည်းပါဝင်တာမို့ မြန်မာအသင်းနဲ့ ယှဉ်ရင် အနည်းငယ်သာပါတယ်။ ဒါပေမဲ့ အိမ်ကွင်းမှာ ကစားရမှာဖြစ်လို့ ရလဒ်ကောင်းအောင် ကြိုးစားသွားမှာဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ ပြင်းပြင်းထန်ထန် လေ့ကျင့်နေပေမယ့် ပိုကောင်းလာအောင် အချိန်ယူသွားရမှာဖြစ်ပါတယ်။ ခြေစမ်းပွဲတွေ ထပ်ကစားရဖို့ မျှော်လင့်ထားပါတယ်" ဟု ပြောကြားခဲ့သည်။

အိန္ဒိယလက်ရွေးစင်ယူ-၁၇ အမျိုးသမီးအသင်း နည်းပြချုပ် Pamela Conti က " SAFF U-19 Women's Championship မှာ ယူ-၁၇ အသင်းနဲ့ ဝင်ပြိုင်ပြီး ချန်ပီယံဖြစ်ခဲ့ပေမယ့် အာရှဖလားမှာ အသင်းကောင်းတွေနဲ့ ရင်ဆိုင်ရမှာဖြစ်လို့ မြန်မာအသင်းနဲ့ ကစားရမယ့်ပွဲဟာ အရေးပါတဲ့ပွဲတစ်ပွဲဖြစ်ပါတယ်။ ပွဲအများအပြားကစားမှ ပိုကောင်းလာမှာဖြစ်ပါတယ်။ ဥရောပကို သွားရောက်ပြီး ခြေစမ်းကစားဖို့ ပြင်ဆင်ထားပါတယ်။ မြန်မာအသင်းကစားပုံကို ကြည့်ထားပြီး တော့်တင်းတဲ့အသင်း တစ်သင်းဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

မြန်မာ့လက်ရွေးစင် ယူ-၁၇ အမျိုးသမီးအသင်းနှင့် အိန္ဒိယလက်ရွေးစင် ယူ-၁၇ အမျိုးသမီးအသင်းတို့၏ နိုင်ငံတကာခြေစမ်းပွဲစဉ်များကို မတ် ၁၂ ရက်နှင့် ၁၄ ရက်တို့တွင် ရန်ကုန်မြို့၊ သုဝဏ္ဏကွင်း၌ ကစားသွားမည်ဖြစ်ပြီး အဆိုပါပွဲစဉ်များကို TV Channel အဖြစ် MRTV, Readers၊Online Streaming အဖြစ် YouTube Channel - Pyone play Sports တို့မှ တိုက်ရိုက်ပြသသွားမည်ဖြစ်သည်။

(NGB)

0-0-0-0-0



## မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)မှ ကြီးမှူး၍ နွေရာသီ အခြေခံဘောလုံးသင်တန်းများကို အခမဲ့ ဖွင့်လှစ်

**ရန်ကုန် မတ် ၁၁**

မြန်မာနိုင်ငံရှိ လူငယ်မောင်မယ်များ နွေရာသီကျောင်းပိတ်ရက်အတွင်း အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရန်နှင့် မျိုးဆက်သစ်ဘောလုံးသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) မှ ကြီးမှူးဖွင့်လှစ်သည့် "MFF Summer Football Skills Course 2026" ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Academy Artificial Turf၌ ကျင်းပပြုလုပ်ခဲ့သည်။

ယခုနှစ်တွင် ဖွင့်လှစ်မည့် သင်တန်းများကို ပထမအသုတ် (မတ် ၉ - ဧပြီ ၈) နှင့် ဒုတိယအသုတ် (ဧပြီ ၂၀ - မေ ၂၀) ဟု (၂)သုတ်ခွဲ၍ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ပုသိမ်နှင့် မော်လမြိုင်မြို့ကြီးများတွင် အသက်(၁၀)နှစ်မှ (၁၅)နှစ်အတွင်းရှိ လူငယ်မောင်မယ်များကို အခမဲ့လက်ခံသင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းတက်ရောက်သူများအတွက် လေ့ကျင့်ရေးဝတ်စုံများကိုလည်း အခမဲ့ပေးအပ်ခဲ့သည်။

ရန်ကုန်တွင် သင်တန်းသား (၅၀၀)၊ မန္တလေးတွင် သင်တန်းသား (၄၀၀)၊ တောင်ကြီးတွင် သင်တန်းသား(၂၀၀)၊ ပုသိမ်တွင် သင်တန်းသား(၂၀၀)၊ မော်လမြိုင်တွင်သင်တန်းသား(၂၀၀)အသီးသီး လက်ခံ သင်ကြားပေးသွားမည်ဖြစ်သည်။ ထို့ပြင် ရန်ကုန်တွင် ဖူဆယ်သင်တန်း ဖွင့်လှစ်သွားမည်ဖြစ်ပြီးသင်တန်းသား(၂၀၀) လက်ခံသင်ကြားပေးမည်ဖြစ်သည်။

(NGB)